www.burmeseclassic.com

# ဘိုးဘိုးအောင်၏ သမိုင်းဖြစ်ရပ်မှန်

နှင့်

# ထူးဆန်းအံ့ဖွယ် တန်ခိုးသိဒ္ဓိများ



BURMESE CLASSIC .com


သုတေသီဆရာဇော်

စုစည်းတင်ပြသည်

www.burmeseclassic.com

www.burmeseclassic.com

# ပဌမံဘိုးဘိုးအောင်



www.burmeseclassic.com

www.burmeseclassic.com



ပထမံ ဘိုးဘိုးအောင်ကိုယ်တိုင်ထုလုပ်ခဲ့သော
ပြည်မြို့က ပုံတော်ရုပ်တုအစစ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

‘ပထမံဘိုးဘိုးအောင်’၏ ၁-၂-၃-၄ အောင်ဂါထာတော်ကြီး

၁ ကဂ္ဂု မာမရု မာစိဏ္ဏော၊

၂ မ္မညူ မမ္မသာမိကော။

၃ လူ ပေတော ဗလဒ္ဓော၊

၄ ရဒေါ ဒေတု မေ ဝရုံ။



ဂဏ္ဍာသယပဌမံဘိုးဘိုးအောင်

www.burmeseclassic.com

www.burmeseclassic.com



# ဘိုးဘိုးအောင်၏ သမိုင်းဖြစ်ရပ်မှန်

## နှင့်

# ထူးဆန်းအံ့ဖွယ် တန်ခိုးသိဒ္ဓိများ

သုတေသီ ဆရာဇော်
မှီငြမ်းစုစည်းတင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဘိုးဘိုးအောင်

"ပထမံ ဘိုးဘိုးအောင်" ဟုထင်ရှားခဲ့သော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးကား မြန်မာနိုင်ငံမှထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအနက် အထင်ရှားဆုံးပုဂ္ဂိုလ်ကြီးဖြစ်သည်။ စစ်မဖြစ်မီကထင်ရှားခဲ့သော "ဘိုးဘိုးအောင်" သီချင်း "ဝတစ်လုံးသီချင်း" စသည်များသည် ဘိုးဘိုးအောင်ကိုဖွဲ့ဆိုထားသော သီချင်းများဖြစ်သည်။



## ကိုးကွယ်မှုနှင့် ယုံကြည်မှု ကျင့်စဉ်များ

ထို့အတူပင် . . . အင်္ဂလိယတ်ဆရာ၊ တံတောင်ဆရာနှင့် နိုင်ငံရေးဆရာတို့ကလည်း ဘိုးဘိုးအောင်ကို ပွဲထုတ်ခဲ့သည်။ ပထမံဂိုဏ်းများ၊ အန္တရာယ်ကင်း နဝင်းဂိုဏ်းများ ၊ ထွက်ရပ်ပေါက်လုပ်ငန်းများတွင် ဘိုးဘိုးအောင်ကိုပင် ကန်တော့ပွဲပေး၍ ကိုးကွယ်ကြသည်။ စီးပွားလာဘ်လာဘအတွက် မျှော်ကိုးသူများလည်း ဘိုးဘိုးအောင်ကို ပွဲတင်ကြသည်။ ဘိုးဘိုးအောင် အကြောင်းကြားဖူး သိဖူးသမျှ ရေးသားထုတ်ဝေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသို့ယုံကြည်တမ်းတသူ များပြားခြင်းသည်ပင် ဘိုးဘိုးအောင်အပေါ် ယုံကြည်မှု အတိုင်းအတာကို ဖော်ပြနေခြင်းပင်ဖြစ်သည်။ဂျပန်ခေတ်က ဘိုးဘိုးအောင်၏“ဝ”များကို အစွဲပြုကာ ကေဘိုထိုင် တပ်များကို (ဝတပ်) ဟုခေါ်သည်။ ဝတပ်သား ပေါများခြင်းသည် တဘောင်အရ “ဝ”ပေါ်ခြင်းဖြစ်သည်ဟူသော အတိတ်ကိုဆောင်၍စည်ပင်ဝ ပြောမည့် နိမိတ်ဟူ၍ဝါဒဖြန့်သည်။

ဗြိတိသျှနယ်ချဲ့သမားကို တိုက်ထုတ်သည့် ဂျပန်စစ်ဗိုလ်ချုပ်ကာနယ်ဆူဇူကီးကို ‘ထီးရိုးကို မိုးကြိုးပစ်သည်’ ဟူသောတဘောင်နှင့် ညီအောင် ထီးရိုးစနေနံအင်္ဂလိပ်ကို မိုးကြိုးကတိုက်ထုတ်အောင်မြင်ရမည်ဆိုကာ ဗိုလ်မိုးကြိုးအမည်ပေးခဲ့သေးသည်။



## ဘိုးဘိုးအောင်ကိုတိုင်းတစ်ပါးသားများသိနေခြင်း

ဘိုးဘိုးအောင်ကို မြန်မာတစ်နိုင်ငံလုံးကသိနေသည်မှာ ထင်ရှားသည်။ ထိုမျှသာမကသေး၊ နိုင်ငံခြားသားများကလည်း မြန်မာသုံးဆယ့်ခုနှစ်မင်းဦးရှင်ကြီး ဘိုးဘိုးအောင်တို့ကို နိုက်နိုက်ချွတ်ချွတ် သိချင်ကြသည်။

မြန်မာနိုင်ငံသို့ရောက်လျှင် အင်္ဂလိပ်လိုစာလုံးပေါင်းထားသော ဘိုးဘိုးအောင် အကြောင်းကိုစတင်မေးကြသည်။ သို့သော်သူတို့က ဝစ္စပေါက်သံမထည့်ကြ၊ “ဘိုဘိုအောင်-နိုး၊ ဘိုးဘိုးအောင်- ဘိုးဘိုးအောင်’ ဟု အသံမှန်ပြန်ပြောပြကြရသည်။ထိုအခါကျမှ “အိုး. . . အိုင်ဆီး”ဟု အမြင်မှန်ရသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒဏ္ဍာရီမဟုတ်သော ဘိုးဘိုးအောင်

ထုံးစံအတိုင်းပင် ဘိုးဘိုးအောင်အကြောင်း အပြော အသိများလာကြသောအခါ၌ ဘိုးဘိုးအောင်ကို ဒဏ္ဍာရီ လိုမြင်လာကြသည်။ သာမန်လူတို့မစွမ်းသော တန်ခိုးကဒ္ဓိပါဒ်ကိုကြည့်ပြီး ဘိုးဘိုးအောင်ကိုသာမာန် လူသား တစ်ယောက်မှ ပေါက်ဖွားခြင်းမဟုတ်သော၊ မိုးကျရွှေကိုယ်လိုထင်လာခဲ့ကြသည်။

ထို့ကြောင့်လည်း ဘိုးဘိုးအောင်ကို ဒဏ္ဍာရီတန် ခိုးရှင်လူစွမ်းကောင်းအဖြစ်ယူဆချင်လာကြသည်။ စင်စစ် ဘိုးဘိုးအောင်ကား တန်ခိုးရှင်သိဒ္ဓိရှင်ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဖြစ်သည်ကား မှန်ပါသည်၊ သို့သော်လူ့ လောကထဲမှ မိနှင့် ဖနှင့် ဆွေနှင့် မျိုးနှင့်ပေါက်ဖွားလာရာမှ ထူးမြတ် စွာသိဒ္ဓိပေါက်ခဲ့ခြင်းဖြစ်ကြောင်းကိုသိကြ စေလိုသည်။



ဘိုးဘိုးအောင်အကြောင်းနှင့်ပတ်သက်၍ -

- ပေ၊ ပုရပိုက်နှင့် မှတ်တမ်းများရှိသည်။

- မှတ်သားမိသော ဘိုးဘွားအစဉ်အဆက်တို့၏ မြေးမြစ်များလည်းရှိသည်။

-ထို့ထက်ပို၍ ဘိုးဘိုးအောင်၏ အဆက်အနွယ် များ တောင်တွင်းကြီးမြို့နယ်တစ်ဝိုက်တွင် ယနေ့အထိရှိ နေကြသေးခြင်းဖြစ်သည်။

ထို့ကြောင့် ဘိုးဘိုးအောင်သည် ဒဏ္ဍာရီမဟုတ်ဘဲ ဘိုးဘိုးအောင်အကြောင်းကို တိတိကျကျ အမှန်အတိုင်း ရှိကြောင်းသိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဘိုးဘိုးအောင်၏ မျိုးရိုးနှင့်ဇာတိ

အချိန်ကားမြန်မာသက္ကရာဇ် (၁၁၀၀) ကျော်ဖြစ်သည်။ ခရစ်နှစ် (၁၇၀၀) အချိန်ကာလ။ ထိုအချိန်တွင် တောင်တွင်းကြီးမြို့ အနောက်ဘက်မြန်မာခရီးငါးတိုင်ကျော်အကွာ၌ လက်ပန်ရှည်အမည်နှင့် ရွာကြီးတစ်ရွာရှိသည်။ ထိုရွာ၌ရွာသူကြီးမှာ ဘိုနှောင်းဖြစ်၍ သူကြီးကတော်မှာ မယ်အိမ်ဖြူဖြစ်သည်။

ထိုအချိန်တွင် ဧရာဝတီမြစ်အနောက်ဘက် ချင်းတောင်ဒေသမှ ဘိုးပြည့်နှင့်မယ်အိမ် တို့လင်မယား



သည်လည်း သားသမီးလေးယောက်ကို ခေါ်ယူပြီး လက်ပန်ရှည်ရွာသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ သူကြီးလင်မယားနှင့်လည်း ခင်မင်ရင်းနှီး၍တစ်အိမ်နှင့်တစ်အိမ် ကူးလူးဆက်ဆံလာခဲ့ကြသည်။

သူကြီးဘိုနှောင်းနှင့်မယ်ဖြူတို့မှ သားတစ်ယောက်ထွန်းကားရာ ပညာရှိအမတ်ကြီးဘိုးရာဇာကို အစွဲပြု၍ မောင်ရာဇာဟုပင် အမည်ပေးခဲ့သည်။ နောင်အခါသော် ဘိုးရာဇာဟုပင်တွင်ခဲ့သည်။

သို့ဖြစ်၍ပင် ဘိုးပြည့်နှင့်မယ်အိမ်တို့မှ သားသမီးရှိရင်း လေးယောက်အပြင် သမီးငယ်တစ်ယောက်ထွန်းကားပြန်ရာ မယ်ဝ ဟု အမည်တွင်သည်။ ဘိုးပြည့်နှင့် မယ်အိမ်တို့တွင် ထိုအခါ၌သမီးအကြီး မယ်ဒွန်း၊ နောက်သမီး မယ်ဂျမ်း-မယ်လွန်း-သားဘိုး ညီုစ်နှင့် သမီးငယ်မယ်ဝဟူ၍ သားသမီး ငါးယောက်ဖွားမြင်ခဲ့သည်။

သူကြီးဘိုးနှောင်းကွယ်လွန်သောအခါ ဇနီးမယ်အိမ်ဖြူသည် "တပင်လဲမှ၊ တစ်ပင်ထူ" ဆိုသကဲ့သို့ နောက်အိမ်ထောင်ပြု ပြန်သည်။ နောက်အိမ်ထောင်ကား အခြားသူမဟုတ်၊ မိတ်ရင်းဆွေရင်းလည်းဖြစ် အားကိုးရ

www.burmeseclassic.com

www.burmeseclassic.com



သူလည်းဖြစ်သော ဘိုးပြည့်ပင်ဖြစ်သည်။ ထိုအချိန်၌ ဘိုးပြည့်မှာလည်း မယားမယ်အိမ်ကွယ်လွန်၍မုဆိုးဖို ဖြစ်နေပေရာ မုဆိုးဖိုနှင့်မုဆိုးမချင်းဖြစ်၍ အဆင်ပြေကြသည်။

ထိုအချိန်တွင် သူကြီးမျိုးနွယ်ဆက် မောင်ရာဇာမှာ အသက်အရွယ်ငယ်သေးသဖြင့် ဘိုးပြည့်ကပင်ရင်ခွင်ပိုက်အဖြစ်ထားကာ သူကြီးရာထူးကို ဆက်လက်ထမ်းရွက်စေခဲ့သည်။

ဤသို့နှင့်ပင်မောင်ရာဇာအရွယ်ရောက်သောအခါ ဘိုးပြည့်၏ပါရင်းသမီးဦး မယ်ဒွန်းနှင့် လက်ဆက်ပေးပြန်သည်။ ထို့ကြောင့် ဘိုးပြည့်ဘက်ကကြည့်လျှင် မိမိသားနှင့် လင်ပါသမီးတို့ဖြစ်သည်။ ဘိုးရာဇာနှင့် မယ်ဒွန်းတို့မှ ဘိုးအုံ-မယ်ပြေ-မယ်တလုတ်-မယ်ဂုံ-ဘိုးနှင်းဟူ၍ သမီးသုံးယောက် သားနှစ်ယောက်ဖွားမြင်သည်။

ဘိုးပြည့်တွင် အထက်မယားမယ်အိမ်နှင့် မွေးဖွားခဲ့သော သားဘိုးမြတ်ညိုစံသည် အရွယ်ရောက်သော် မယ်မြတ်လုနှင့် အိမ်ထောင်ပြုရာ သားဘိုးရွှေကိုဖွားမြင်သည်။ နောက် မယ်ငြိမ်းရာနှင့် ထပ်မံအိမ်ထောင်ပြုရာ ဘိုးဒင်-ဘိုးအောင်နှင့် မင်းရောင်ဟူသော သားသုံးယောက်နှင့် သမီး မယ်အေး ပေါင်းသားသမီး လေးယောက် ဖွားမြင်သည်။ မယ်မြတ်လှမှမွေးသော သားဘိုးရွှေနှင့်ဆိုသော် သားသမီးငါးယောက်ဖြစ်သည်။ ထိုသားသမီးငါးယောက်ထဲမှ ဘိုးအောင်ဆိုသည်မှာ နောင်ဘိုးဘိုးအောင်အမည်ဖြင့် ထင်ရှားလာမည့် သတို့သားပင်တည်း။



ဘိုးပြည့်နှင့်မယ်အိမ်တို့မှမွေးသောသမီး မယ်လွန်း-မယ်ဝတို့မှာ အိမ်ထောင်ပြုခြင်းမရှိ၍ မျိုးနွယ်ဆက်မရှိ၊ သို့ရာတွင် မယ်ဂျမ်းအိမ်ထောင်ပြုရာတွင် ဘိုးကွန်အမည်ရှိသားတစ်ယောက်ထွန်းကားသည်။ အရွယ်ရောက်သော် ရဟန်းပြုသွားသည်။

ထို့ကြောင့် ဘိုးဘိုးအောင်ဖြစ်လာမည့် ဘိုးအောင်၏ဆွေမျိုးစဉ်ဆက်စာရင်းကို လေ့လာသော်-

အဖေဘိုးမြတ်ညိုစံ- အမိမယ်ငြိမ်းတို့မှ ဖွားမြင်သည်။ ညီအစ်ကိုမောင်နှမရင်းသုံးယောက်၊ဘိုးဒင်-မယ်အေးနှင့်မင်းရောင်တို့ရှိသည်။ အဖေတူအမေကွဲအစ်ကို ဘိုးရွှေတစ်ယောက်ရှိသည်။ ဘိုးမြတ်စံ၏ သားသမီးများ

www.burmeseclassic.com

www.burmeseclassic.com



အနက် အနေတူသားချင်းလေးယောက်တွင် ဘိုးအောင်သည် ဒုတိယသားဖြစ်သည်။

ဝမ်းကွဲညီအစ်ကိုမောင်နှမများမှာ အရိုးကြီးမယ်ဂျမ်းမှမွေးသော ဘိုးကွန်၊ ဝမ်းကွဲအစ်ကိုတစ်ယောက်-ဘိုးရာဇာနှင့် မယ်ဒွန်းတို့မှမွေးသော ဘိုးအုံ-ဘိုးနှင့်ကြီး ဝမ်းကွဲအစ်ကိုနှစ်ယောက်၊ မယ်ပြေ-မယ်တလုတ်-မယ်ဂုံ ဝမ်းကွဲနှမသုံးယောက်ရှိသည်။

စုစုပေါင်းသော် ဘိုးဘိုးအောင်တွင်သားချင်းအားဖြင့်-

-နှမရင်းနှစ်ယောက်၊ အစ်ကိုရင်းတစ်ယောက်၊ ဝမ်းကွဲ အစ်ကိုသုံးယောက်၊ ဝမ်းကွဲနှမသုံးယောက် ဟူ၍ အသီးသီးရှိသည်ဟု သိရှိရသည်။

တဖန်ဆက်နွယ်သူများကိုစိစစ်သော် နှမမယ်အေးက တိုးစာနှင့်အိမ်ထောင်ပြုရာ ဘိုးပလီ-ဘိုးဖိုဝီ-ဘိုးရွှေအင်-မယ်အုပ်ဟူသော သားသမီးလေးယောက်ထွန်းကားသည်။

ညီထွေးဘိုးမင်းရောင်က မယ်မင်းရွှန်းနှင့်အိမ်ထောင်ပြုရာ သမီးမယ်ရွှေမ-မယ်မှတ်ကြီး-မယ်ဖြူဇင်



သုံးယောက်နှင့်သားဘိုးထွန်းမြိုင်-ဘိုးစံဝင်းနှစ်ယောက်တို့ကိုဖွားမြင်သည်။

ဘိုးဘိုးအောင်၏ တူနှင့်တူမများဖြစ်သည်။ စုစုပေါင်းငါးယောက် တူမလေးယောက်ပေါင်းကိုးယောက်ဖြစ်သည်။ အခြားညီအစ်ကိုမောင်နှမများမှ ပေါက်ဖွားသူများလည်းရှိဦးမည်ဖြစ်သည်။

ထို့ကြောင့် ဘိုးဘိုးအောင်သည် အိမ်ထောင်မပြု၍ သားသမီးအဆက်အနွယ်ပြတ်သော်လည်း တူ၊ တူမများမှ ဆက်လက်ပေါက်ဖွားသူများ ပြည်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်များတွင် ယခုတိုင်ရှိနေကြသည်။ ထိုသူများသည် မိမိတို့ ဘိုးဘေးတော်စပ်သော ဘိုးဘိုးအောင်အကြောင်းကို မိဘစဉ်ဆက်မှဟ်သား ခဲ့ကြသည့်အတိုင်း အပ်ချမတ်ချပြောနိုင်ကြသေးသည်။သို့ဖြစ်ရာ ဘိုးဘိုးအောင်မှာ ဒဏ္ဍာရီမဟုတ်ဘဲ တကယ် အစစ်အမှန် ရှိခဲ့သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် ယုံမှား သံသယရှိစရာ မလိုတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးဘိုးအောင်၏ဖွားသက္ကရာဇ်

ဘိုးဘိုးအောင်ခေါ် မောင်ဘိုးအောင်၏ဖွားသက္ကရာဇ်ကိုကား အတိအကျမသိရှိရသေး။ သို့ရာတွင် ဘိုးတော်မင်းတရားဖြစ်လာသည့် မောင်ဝိုင်းနှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်ရာ မောင်ဝိုင်းကို ၁၁၆၀ခုနှစ်တွင်ဖွားမြင်ခဲ့သည်ဟု မြန်မာရာဇဝင်ကြီးများ၌ အခိုင်အမာဆိုထားသည်။ ထို့ကြောင့် ဘိုးအောင်ကိုလည်း ထိုနှစ် သို့မဟုတ် ထိုနှစ်ပတ်ဝန်းကျင်တွင် ဖွားမြင်ခဲ့လိမ့်မည်ဟု ယူဆရသည်။ ယခုဆိုလျှင် ဘိုးဘိုးအောင်၏ သက်တော်မှာ ၂၀၀ကျော်ခန့်ရှိခဲ့ပြီဟု သိနိုင်သည်။



နှစ်၂၀၀ကျော်ဆိုသည်မှာ သမိုင်းမျက်စိနှင့်ကြည့်လျှင်ရှည်လျားလှသော ကာလမဟုတ်ပေ။ နှစ်ပေါင်းနှစ်ထောင်သုံးထောင်က ဒဏ္ဍာရီမဟုတ်။ မနေ့တစ်နေ့က တစ်ကယ်ရှိနေခဲ့သောပုဂ္ဂိုလ်တစ်ယောက်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးဘိုးအောင်၏ ဆွေမျိုးဆက်လက်ာ

ယင်းသို့ဘိုးဘိုးအောင်တွင် သားချင်းငါးယောက်ရှိကြောင်းကို ဘိုးဘိုးအောင် ကိုယ်တိုင်ရေးသားခဲ့သည့် လင်္ကာတစ်ပုဒ်တွင်-

"ညီရင်း နှမ၊ ပေါင်း ငါးဝတို့
ဒုက္ခ သုခ၊ နှစ်တန်ယှက်ထွေး
ဋ္ဌေးသူ ဋ္ဌေး၊ မွဲသူ မွဲကြ
သဟာယ စုံစိ၊ အားလုံးပင်ရှိကြသေးရဲ့လား
ကုသိုလ်ကံဖျင်းတဲ့ မောင်မင်းရောင်မှာ
ဝေးခေါင်ဒေသ၊ မွန်တလိုင်းတို့ တိုင်းရဋ္ဌ၌
ဒလမြို့ငယ်၊ ဂျင်ကလယ်တွင်



မဖွယ်စရိုက်၊ လှေထိုးလိုက်၍
လူမိုက်၊ လူညစ် ဒုက္ခကြီးဖြစ်နေရှာပေါ့
စင်စစ်မှတ်ဖွယ်၊ အကုသိုလ်အလွန်များသူကို
ဘုရားတောင်မကယ်နိုင်ဘူး။
မျှော်ရွယ် ဆင်ခြင်၊ ကုသိုလ်ထောက်ပင့်
ကျိုးပေးချိန်သင့်တော့မှ၊ ဆွဲမြင့်၍ တင်တော့မည်
တောဝင်ကာ ထွက်ရပ်လမ်းနှင့်
ထက်မြတ်ပြေမ်း ပုဂ္ဂိုလ်ဖြစ်ပေမယ့်
ဇောဝသိ၊ လောကီကိုမပစ်နိုင်လို့
သံယောဇဉ် အချိတ်အလှစ်တွေနဲ့
စိတ်ညစ်ဖို့ကြုံရသေးတော့တယ်. . ."

ဟူ၍ ဖွဲ့ဆိုရေးသားထားခဲ့သည်ကိုတွေ့ရှိရသည်။

၎င်းလင်္ကာကိုကြည့်လျှင် ဘိုးဘိုးအောင်သည် ညီရင်းအစ်ကိုပင်ဖြစ်လင့်ကစား အကုသိုလ်များသူကို မကယ်တင်နိုင်၊ ကုသိုလ်ထောက်ပင့်၍ အကျိုးပေးသင့်ချိန်မှသာ ကူညီမည်ဖြစ်ကြောင်း ဖော်ထုတ်ရေးသားခဲ့ခြင်းကို ကောင်းကောင်းကြီး သတိပြုသင့်ကြသည်။ တဆက်တည်းပင် ဘိုးဘိုးအောင်သည် တစ်ကာလ၌ကူညီ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်းကိုကား အထက်ပါ သူ၏စကားနှင့်ပင် အခိုင်အမာယူဆနိုင်သည်။

အချို့က ထက်မြတ်ငြိမ်းရသေ့ဟုဆိုကြသည်။ ရသေ့ဦးအောင်သည် ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ ဘိုးဘိုးအောင်မှာ သီးခြားဖြစ်သည်။ ဤနှစ်ပါးကိုခွဲခြားမှတ်သားရမည်။



## မောင်အောင်၏မိဘများ

မောင်အောင်၏မိဘများမှာ သားသမီးများသဖြင့် စားအိုးကြီးလှသည်။ လင်ကိုယ်မယားလုပ်ကိုင်စားရသည်မှာ မလွယ်ကူလှ။ ထို့ကြောင့် အခြေအနေကောင်းလိုကောင်းငြားအရောင်းအဝယ်ပို၍ ကောင်းမည့်တောင်တွင်းကြီးမြို့သို့ပြောင်းရလျှင် ကောင်းလေမလားဟု အကြံဖြစ်သည်။ နောက်ဆုံး လင်မယားနှစ်ယောက်တိုင်ပင်ပြီး လက်ပန်ရှည်ရွာကိုစွန့်ကာ တောင်တွင်းကြီးမြို့၏ ဆင်ခြေဖုံးရပ်ကွက် တံခွန်တိုင်ကုန်းတွင် အခြေချနေထိုင်ကာ မြေလွတ်ယာလွတ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရောင်းချကာနေထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘများမှာ မည်မျှဆင်းရဲစေကာမူ မိမိရင်သွေးကိုစာတတ်မြောက်စေချင်သည်။ ထိုအခါက ဘုန်းကြီးကျောင်းများမှာ အလကားစာသင်ပေးရုံမျှမက ဆွမ်းကွင်းဟင်းကျန်များကိုစေတနာဖြင့် ကျွေးမွေးကြလေ၏။ ထို့ကြောင့် သားမောင်ဘိုးအောင်ကို တောင်တွင်းကြီးမြို့ရှိ ရွှေအင်းတောင်စေတီတော်အရှေ့ဘက် ကြေးနီကျောင်းဆရာတော်၏ ကျောင်းတွင်အပ်နှံကာပညာသင်ကြားစေသည်။

ကြေးနီကျောင်းဟုခေါ်သော်လည်း အမှန်မှာဇေယျမင်္ဂလာကျောင်းတိုက်သာဖြစ်သည်။ သို့သော်လည်း ကျောင်းတောင်ဘက်တွင် ရှေးကကြေးနီစများတွေ့ရှိရသော ကြေးနီချောင်းရှိသဖြင့် ထိုချောင်းကိုအစွဲပြုကာ ဇေယျမင်္ဂလာကျောင်းတိုက်ကို ကြေးနီကျောင်းဟုပင် အလွယ်ခေါ်ဆိုလာကြခြင်းဖြစ်သည်။

ထိုကျောင်းတွင်စစ်သာမြို့သူကြီး၏သား မောင်မြတ်ကြည်လည်း လာရောက်ပညာသင်ကြားနေသဖြင့် မောင်ဘိုးအောင်နှင့် မောင်မြတ်ကြည်တို့မှာ အလွန်ချစ်ခင်ရင်းနှီးသော သူငယ်ချင်းအဖြစ်သို့ရောက်ရှိကြသည်။



စိတ်သဘောချင်းလည်းတူ၊ ဝါသနာချင်းလည်းတူသဖြင့် "သူတော်ချင်းချင်း၊ သတင်းလွှေလွှေပေါင်းဖက်တွေ့" ကြတော့သည်။

သူငယ်ချင်းအများရှိသော်လည်း စရိုက်တူသူချင်းပို၍ခင်မင်ကြခြင်းမှာ ဓမ္မတာပင်ဖြစ်သည်။

မောင်ဘိုးအောင်သည် ဉာဏ်ကောင်းသည်၊ လုံ့လဝီရိယရှိသည်။ စာကိုမရ ရအောင်ကျက်သည်။ စာမရလျှင် မထတမ်းဖွဲ့ကောင်းသည်။ ဆရာသမားကိုလည်း ရိုသေသည်။ အိမ်ကမုန့်ပဲသရေစာပါလျှင် သူငယ်ချင်းများကို ခွဲဝေပေးတတ်သည်။ ရိုးရိုးအေးအေးနေတတ်သည်။ ထို့ကြောင့် မောင်အောင်ကိုကျောင်းသားများအားလုံးက ချစ်ခင်ကြသည်။

မောင်အောင်သည် ဆင်းရဲနွမ်းပါးသဖြင့် အာဟာရချို့တဲ့သည်၊ ထို့ကြောင့်ဝဲနာများပေါက်ရောက်သဖြင့် သူငယ်ချင်းအချို့က "မောင်ဝဲ" ဟုခေါ်ကြသည်။ လူတစ်ယောက်၏ဘဝတွင် ကောင်းစားသည့်အချိန်ကာလရှိတတ်သော်လည်း လူတစ်ယောက်သည် မွေးက တည်းက ရွှေဇွန်းတပ်၍မွေးလာသည်မဟုတ်၊ အ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းချည်းပြော၍မရ၊ လူသားပီပီအကွေ့အကောက် အဆင်းအသက် ဒုက္ခအမျိုးမျိုးကိုဖြတ်ကျော်ခဲ့ရသည်။ ရောဂါဝေဒနာကို ခံစားခဲ့ရသည်။ လောကီသိဒ္ဓိများ ရလာသည့်အခါ အသက်ကိုပင်ဆွဲဆန့်နိုင်သည်။ သို့သော်လည်း အကျိုးပေးခွင့် မကြုံသေးဘူးအခါတွင် ဆင်းရဲနွမ်းပါးရသည်မှာ မထူးဆန်းရသည်မှာ။



# ကြေးနီဆရာတော်၏ ထူးဆန်းသောအိပ်မက်

ကြေးနီကျောင်းဆရာတော်သည် လောကုတ္တရာ စာပေပရိယတ္တိနှင့် ပြည့်စုံရုံသာမက လောကီပညာရပ်များကိုလည်း တတ်မြောက်သည်။ ထိုဒေသတဝိုက်တွင် ရုက္ခစိုးနတ်၊ တောင်စောင့်နတ်နှင့် ဝိဇ္ဇာ၊ တပသီများ ပျော်မြူးလေ့ရှိသည်။ ထို့ကြောင့် ထိုဒေသတစ်ခွင်တွင် ထူးခြားသောဖြစ်ရပ်များကို မကြာခဏကြုံကြိုက်ရတတ်သည်။

တစ်နေ့သောအခါ ကြေးနီကျောင်းဆရာတော်သည် ဆွမ်းဘုဉ်းပေးပြီးနောက် ခေတ္တကျိန်းတော်မူသည်။ ခဏအကြာတွင် ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော

www.burmeseclassic.com

www.burmeseclassic.com



လူသူတော်ပုဂ္ဂိုလ်တစ်ဦးကြွရောက်လာ၍ ဆရာတော်အား ကြေးနီကျောင်းအနောက်ဘက်ရှိ ရေကန်သို့ ပင့်ဆောင်သွားသည်။ ထို့နောက်ကန်တွင်းသို့ လက်ညှိုးညွှန်ပြပြီး လူသူတော်ပျောက်ကွယ်သွားသည်။

၎င်းအဖြစ်မှာ တကယ့်အဖြစ်အပျက်မဟုတ်၊ အိမ်မက်မက်တော်မူခြင်းဖြစ်သည်။ သို့သော်အိမ်မက်က တစ်ကယ်ဖြစ်ပျက်သလိုခံစားရသည်။ အိပ်မက်မက်ခြင်းကိုပင် မယုံနိုင်စရာဖြစ်ရသည်။

သို့ရာတွင်ဆရာတော်သည်။ အလှူအတန်းကြွရောက်ရခြင်း စာပေပရိယတ္တိပို့ချရခြင်းတို့ကြောင့် ထိုအိမ်မက်ကို မေ့မေ့ပျောက်ပျောက် နေခဲ့တော့သည်။

တစ်နေ့သောအခါ ဆရာတော်သည်အလှူတစ်ခုသို့ ကြွရာလမ်းတွင် ကိုယ်ထည်မပါသောကြောင်နက်ဦးခေါင်းတစ်လုံးကိုတွေ့ရှိရသည်။ ကြောင်ဦးခေါင်းမှာ အသက်ရှင်နေသကဲ့သို့ မျက်တောင်ခတ်ရုံမျှမက ပကတိကြောင်အရှင်လိုပင် အော်၍နေပြန်သည်။ ဆရာတော်သည် ကြောင်ဦးခေါင်းကို ကျောင်းသားတစ်ဦးအား



ကောက်ယူစေပြီးလျှင် ကျောင်းသို့ပို့ထားစေနှင့်သည်။

အလှူမှပြန်ကြွလာသောအခါ ကြောင်၏ဦးခေါင်းကိုခွဲစိတ်ထုတ်ယူလျှင် အလွန်ရှားပါသော ကြောင်နက်မျက်လုံးအမြုတေကို ရရှိတော့သည်။ ကြောင်နက်အမြုတေမှာ သာမာန်ကြောင်နက်တိုင်းတွင်ရှိသော မျက်လုံး အဝါ၊ အစိမ်းမျိုးမဟုတ်၊ မျက်လုံးပါအရောင်မည်းနက်တောက်ပြောင်နေ၍ မဟူရာလုံးကဲ့သို့ဖြစ်သည်။

စင်စစ်သော်ကား ဆရာတော်၏လောကီ၊ လောကုတ္တရာအားထုတ်မှုကြောင့် လိုသလိုသုံးစွဲရန် ဝိဇ္ဇာ၊ ဇော်ဂျီများက တွေ့ရအောင်ဖန်တီးပစ်ထားခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ပဲကြေးနီပုရပိုက် ဖြစ်နေသည်။ ဆရာတော်သည် ပုရပိုက်ကောက်ယူဆေးကြောပြီးကျောင်းပေါ်သို့ ယူဆောင်သိမ်းဆည်းထားသည်။

ဆရာတော်သည် ကြေးနီပုရပိုက်ကိုဖတ်ရှု၍ ပါရှိသောအစီအရင်တို့ဖြင့် လောကီသိဒ္ဓိရကောင်းရပေအံ့၊ မည်သူ့ကိုမျှမပြောပြသဖြင့် မသိကြရ။ မောင်အောင်လည်း ကျောင်းစာဖတ်ရင်း၊ စာကျက်ရင်းပြေးလွှားကစားရင်းနှင့် အချိန်ကုန်ပြီး ဆရာတော်ကိုလည်း မချဉ်းမကပ်မိရှိသည်။



# ထူးဆန်းသောကြေးနီပုရပိုက်

တစ်နေ့သောအခါ ဆရာတော်သည်အိမ်မက်ကို ပြန်ပြောင်းသတိရတော်မူလေ၏။ "အိမ်မက်သည် အကြောင်းမဲ့ မဟုတ်တန်ရာ၊ အကြောင်းတစ်ခုခုသွားဖွယ်ရာရှိသည်။ လူသူတော်ညွှန်ပြသော ကြေးနီကန်ကိုသွားရောက်ကြည့်ရှုမှ တော်မည်"ဟု မည်သူ့ကိုမျှအသိမပေးပဲ ရေကန်ကိုဆင်းကြွသွားတော့သည်

ရေကန်စပ်သို့ရောက်သောအခါ သီးပင်တစ်ပင်၏ အောက်တွင် တစ်စုံတစ်ခုကို ခြေဖြင့်ခတ်မိသောကြောင့် စူးစမ်းကြည့်သည်။ ခြေဖြင့်ခတ်မိသော အရာမှာ

www.burmeseclassic.com

www.burmeseclassic.com



## ကာလအတန်ကြာပြီးနောက်

ကာလအတန်ကြာသော် ကြေးနီကျောင်းဆရာတော် ပျံလွန်တော်မူသည်။ အချို့က ဆရာတော်သည် အင်းစမ သိဒ္ဓိပေါက်၍ အသေထွက်ထွက်တော်မူသည် ဆရာတော်၏အန္တိမစျာပန သာဓုကိစ္စသဘင်ကို ထိုက်တန်စွာ ကျင်းပပူဇော်ကြသည်။

အရိုးကောက်ပြီး၍ ဂူသွင်းပြီးသောအခါတပည့်ကြီးသုံးပါးဖြစ်သော ဦးလက္ခဏ၊ ဦးအာစရ၊ ဦးအာဒိစ္စတို့က ဆရာတော်ကြီး၏ပစ္စည်းပရိဘောဂ ဝရာဘဏ္ဍာ၊ လဟုဘဏ္ဍာများကိုခွဲဝေယူကြသည်။ ကျန်ဦးပဇင်းများ



ကလည်း ရရှိသောပရိဘောဂတို့ဖြင့်ကျေနပ်ကြသည်။

ထိုအခိုက်မောင်အောင်သည် ကျောင်းအောက်တွင်ကစားနေရာမှ ရေငတ်သဖြင့် ရေသောက်ရန်ကျောင်းပေါ်သို့ တက်လာသည်။ ဘုန်းတော်ကြီးဦးလက္ခဏက မောင်အောင်ကိုလှမ်းခေါ်ပြီးနောက် "ဟဲ့ မောင်အောင်-မင်းလဲပဲ ဆရာတော်ကြီးရဲ့တပည့်တစ်ဦးပဲ၊ အဲဒီတော့ အမွေအနှစ်ကိုမင်းလဲ ရသင့်တာပေါ့။ ဟဲ့အဲဒီတော့ မင်းကဒီခေါင်းအုန်းကြီးကိုယူပေါ့ကွ" ဟုကျီစယ်သည့်သဘောဖြင့် အလျားနှစ်တောင်-အနံတစ်တောင်ခန့်ရှိသည့် ညစ်ပေနေသောခေါင်းအုံးကြီးကို ပစ်ပေးလိုက်သည်။ ချစ်ကြောက် ရိုသေသောကြောင့် ပစ်ပေးလိုက်သော ခေါင်းအုံးဟောင်းကြီးကိုပင် လက်ခံကောက်ယူကာ မိမိအိပ်ရာခေါင်းရင်း တွင်သိမ်းထားလိုက်သည်။

မောင်အောင်သည် ကြမ်းပေါ်တွင်သင်ပုန်းချ၍ ကြမ်းကိုလက်ထောက်ပြီး စာရေးလေ့ရှိရာလက်နာသဖြင့် ခေါင်းအုံးကြီးကိုလက်ထောက်ကာ စာရေးတော့သည်။ ထိုနည်းအတိုင်းနေ့စဉ်ခေါင်းအုံးကိုလက်ထောက်ဖန်များလာသော် ခေါင်းအုံးကြီးမှာ ပေါက်ပြဲပြုလေတော့သည်။ မောင်အောင်သည် လက်ထောက်ယင်းခေါင်းအုံး

www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ မာမာအရာဝတ္ထုကို လက်နှင့်ထောက်မိသည်။ သို့ရာတွင် မောင်အောင်သည် စာကိုသာအာရုံစိုက်နေရသဖြင့် ဘာကိုမျှမစဉ်း စားမိဘဲရှိနေသည်။



## ထူးဆန်းသောကြေးနီပုရပိုက် ရရှိခြင်း

သို့သော်တစ်နေ့သောအခါသိုက်ဆရာတစ်စုရောက်ရှိလာပြီး ရွှေအင်းတောင်စေတီတော်အရှေ့ဖက်ရှိ ဘုရားတစ်ဆူ တောင်ဖက်အဝင်ခြသေ့ရုပ်ကြီးတစ်ရုပ်၏ ခြေထောက် အောက်တွင်တူးဖော်ကြသည်။ ထိုသို့တူးဖော်ရာတွင် ငွေအိုးတစ်လုံးရရှိတော့သည်။ ထိုအကြောင်းကိုဦးဇင်းများ ကြားသိကြ၍သိုက်စာ ကျပုံများကို တစ်ပါးစီက ပြောဆိုကြသည်။ မောင်အောင်လည်းအနားတွင်ရှိ၍ စိတ်ဝင်စား စွာနားထောင်မိကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုယ်တော်. . . ကျုပ်တို့ဆရာတော်ကြီးလဲ ကြေးနီပုရပိုက်ရဖူးသတဲ့"

"ဟုတ်တယ်. . . ဆရာတော်ဖတ်ဖတ်နေတာ ဦးပဇင်းလဲ မြင်ဖူးတယ်"

"ဒါဆိုရင် ကြေးပုရပိုက်ကအခု ဘယ်ရောက်နေသလဲ"

"အဲ. . . ကိုယ်တော်ပြောမှ သတိရတယ်၊ ဘယ်မှာထားခဲ့မှန်း မသိဘူး။ ဦးပဇင်းတို့လဲ ဆရာတော်ကြီးပျံလွန်တော်မမူခင်ထဲက မတွေ့တော့တာ"

"ဘယ်တွေမှာလဲ ကိုယ်တော်ရဲ့၊ အဲဒီပုရပိုက်ဟာ အံ့ဖွယ်ထူးခြားတယ်၊ ကျုပ်တို့လဲ ဆရာတော်ကြီးကို ကြောက်တာနဲ့မမေးရဲခဲ့ဘူး။ အင်မတန်အဖိုးတန်တဲ့ လျှို့ဝှက်လောကီပညာတွေပါမယ်ထင်တာပဲ။"

"သေချာတာပေါ့ကိုယ်တော်၊ အဲဒီပုရပိုက်တော့ ရှာပုံတော်ဖွင့်ဦးမှပဲ"

"ဒါပေမယ့် သဲလွန်စပျောက်နေတော့ခက်တယ်



ကိုယ်တော်ရ"

မောင်အောင်သည် အမှတ်တမဲ့လိုပင်နေရာမှ ထကာ မိမိအိပ်ယာသို့သွားပြီး လက်ထောက်နေကျခေါင်းအုံးကြီးကို ဖောက်ဖြကာ အထဲမှအရာဝတ္ထုကို စမ်းကိုင်၍ ထုတ်ယူလိုက်သည်။

"ဟာ. . . ကြေးနီပုရပိုက်ပါလား"

မောင်အောင်သည် အံ့သြဝမ်းသာနေသည်။ ဦးပဇင်းများကို အသိပေး၍မဖြစ်၊ လောဘသားများဖြစ်သည်။

"ငါနဲ့ထိုက်လို့ ငါရတာပဲ"

မောင်အောင်သည် တိုးတိုးတိတ်တိတ်တစ်ယောက်တည်းပြောကာ ပုရပိုက်ကြီးကို သူတစ်ပါးမမြင်ရအောင် လုံခြုံစွာဝှက်ထားတော့သည်။ မောင်အောင်အဖို့ ကံကောင်းလှသည်။ အများတကာက တမက်တမောရှာဖွေနေကြသောပုရပိုက်ကြီးမှာ သူ့လက်ဝယ်သို့ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## စ မ အတတ်ကိုလေ့လာခြင်း

မောင်အောင်သည် လူသူကင်းရှင်းသည့်အခါ တိုင်းကြေးနီပုရပိုက်ကိုဖွင့်၍ ဖတ်ရှုလေ့လာသည်။ စိတ်ပါဝင်စားလာသဖြင့် နေ့ရောညပါ လေ့လာသည်။ လွတ်လွတ်လပ်လပ် လေ့လာရအောင် ကြေးနီကျောင်းနှင့်ဆက်စပ်နေသော ရွှေကျောင်းထဲသို့သွား၍ လေ့လာသည်။ ၎င်း၏ ပညာပါရမီကြောင့် ဉာဏ်အမြင်လည်းထက်မြက်လာသည်။ ခက်ခဲလျို့ဝှက်သော အချက်အချို့ကိုနားမလည်သဖြင့် ကျောင်းထိုင်ဆရာတော်ဦးလက္ခဏအား မေးမြန်း လျှောက်ထားရသည်။

ကြေးနီပုရပိုက်ကို ရရှိလေ့လာမိသည်မှစ၍ အခြား စာများကိုလျှော့ပြီး အင်းစမအတတ်ကိုသာ မပြတ် လေ့ကျင့်တော့သည်။ သူလေ့ကျင့်နေသော အင်းအစီအရင်များမှာ ထွက်ရပ်လမ်းအတွက် အကျိုးပြု



ကြောင်း မောင်အောင် နားလည်ထားသည်။

အကွက်များတွင် အက္ခရာသို့မဟုတ် ကိန်းဂဏန်းများ သွင်းခြင်းဖြစ်၍စနစ်တကျနည်းမှန်လျှင် အင်းအက္ခရာတုသည် အစွမ်းသတ္တိအသီးသီးကိုပေါ်ထွန်းစေသည်။ ကျနမှန်ကန်သောနည်းကို ရှာဖွေတွေ့ရှိသူကို အောင်ပန်းဆင်ကြမြဖြစ်သည်။

မောင်အောင်သည် မိမိလက်ဝယ်၌ ကြေးပုရပိုက်ရရှိထားကြောင်းကို ဆရာတော်အားတိုက်ရိုက်မလျှောက်ထားချေ။ သို့ရာတွင် အင်းစမအကြောင်းများကို မေးဖန်များသော် မောင်အောင်သည်အင်းပညာများကိုလေ့ကျက်နေကြောင်းရိပ်စားမိလာသည်။ သို့သော်လည်း ဆရာတော်က မောင်အောင်ကို အထင်မကြီးချေ။ မောင်အောင်နှင့်ပုရပိုက်ကိုလည်း ဆက်စပ်၍မစဉ်းစားမိ၊ မောင်အောင်ကိုအကဲခတ်မိသည့်အခါ အင်းစမတို့ကိုသာ ရေးခြွတ်ရွတ်ဆိုနေသည်ကိုတွေ့သဖြင့် မောင်အောင်တစ်ယောက် အင်းရူး ရူးနေရော့သလားဟု တွေးတောရုံသာရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အင်းကိုစမ်းသပ်ခြင်း

မောင်အောင်သည် ကြေးပုရပိုက်မှနည်းများကို လက်တွေ့လေ့လာရေးသားနေရာ တစ်နေ့တွင်သိမ်ဝင်သပိတ်ကွဲ၌ အင်းတစ်ကွက်ချပြီး မိမိ မိခင်ဒေါ်ငြိမ်းရာ၏ မွေးနံကိုသွင်းသည်။ ထိုအင်းကို ဆွမ်းဟင်းယူသွားယင်း မိခင်ထိုင်နေကျ မီးဖိုအောက်တွင် မသိမသာမြှုပ်ထားလိုက်သည်။

မောင်အောင်ပြန်သွားပြီး မိခင်ကမီးဖိုထဲသို့ဝင်၍ ထိုင်နေကျနေရာတွင် ထိုင်လိုက်သောအခါ ရုတ်တရက်လဲကျပြီး တက်ချက်သွားသည်။ အသံကြားသဖြင့် အိမ်နီးချင်းများက လာရောက်ပြီး တတ်သမျှ မန်းမှုတ်



ကုသကြသော်လည်း မသက်သာချေ။ မောင်အောင်၏ ဖခင်ဦးမြတ်စံညိုလည်း ကပ္ပာကယာသမားတော်များကို သွားရောက်ပင့်ခေါ်ပြီး အပြန်တွင်မောင်အောင်ထံဝင်ရောက်ပြောပြရာ မောင်အောင်သည် မိမိ၏အင်းအတတ်နှင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိလိုက်သည်။ ဖခင်အား ဘာမျှမပြောဘဲ ဖခင်နှင့်အတူအိမ်သို့လိုက်လာပြီးမိမိမြှုပ်ထားသော အင်းကိုဖော်ယူဖယ်ရှားလိုက်သည်။

ထိုအခါကျမှ မိခင်မှာ သမားတော်၏ဆေးတစ်ခွက်မသောက်ရဘဲ အကောင်းပကတိပြန်ဖြစ်သွားသည်။ လူအများကလည်း အံ့သြကြသည်။ မောင်အောင်ကား မည်သူ့ကိုမျှမပြောဘဲ မိခင်ကြီးအားပြစ်မှားမိသမျှ ကန်တော့လိုက်သည်။

အခြားသူကို အင်းစမ်းမိလျှင်အကယ်၍ အင်းစွမ်းပြခဲ့သော် ဒုက္ခရောက်ပြီး မိမိအနေဖြင့်အင်းကို ဝင်ရောက်ဖျက်ဆီးခွင့်မရမည်ကိုစိုးသည်။ ဘာမျှဒုက္ခအကြီးအကျယ်မရောက်နိုင်သည်ကိုသိ၍လည်းမိခင်ကိုပင် အရင်းတည်၍ ပညာစမ်းခြင်းဖြစ်သည်။ မောင်အောင်သည် မိမိအင်းများထိရောက်မှုအစွမ်းသတ္တိကို ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



လာသည့်အတိုင်း အခြားသောအရေးကြီးသည့်အင်းများကိုလည်း ယုံယုံကြည်ကြည် လေ့ကျင့်တော့သည်။



## ဒုတိယအကြိမ်ဆေးကို စမ်းသပ်ပြန်ခြင်း

မောင်ဘိုးအောင်သည် ဆေးကိုလည်းစမ်းသပ်လိုပြန်သည်။ ဆေးစမ်းရန် အခွင့်ကိုစောင့်နေပြီးစိတ်ကူးရသည်နှင့် ရွာထဲကကြက်ခြံတစ်ခုသို့ သွားပြီးကြက်အရှင်တစ်ကောင်ကို တောင်းယူခဲ့သည်။

ကျောင်းသို့ရောက်သောအခါ မိမိစီရင်ထားသော ဆေးအနည်းငယ်ကို ကြက်အားသုတ်ပြီး သူငယ်ချင်းများနှင့်အငြင်းအခုန်ပြုလုပ်သည်။

"ဟေ့. . . စံဝ. . . မင်းတို့ဟောဒီကြက်ကို သတ်နိုင်ရဲ့လား"

"အမယ်လေးဘိုးအောင်ရာ. . . ကြက်ပဲကွာ လူကသတ်ရင် မသေပဲနေပါ့မလားကွ"

'သတ်နိုင်တယ်ဆိုရင်တဲ့. . . သတ်ကွာ. . . သေသွား

www.burmeseclassic.com

www.burmeseclassic.com



ရင် ငါအလျော်မတောင်းပါဘူး၊ မင်းတို့တစ်ယောက်စီ စမ်းကြပေါ့၊ ဘယ်သူသတ်နိုင်မလဲကြည့်ရအောင်”

ဤသို့ပြောဆိုပြီး တစ်ယောက်တစ်လဲကြက်ကို လည်လိမ်ကာ ကိုင်ပေါက်သတ်ကြသည်။ ကြက်ကလူး လွန့်ပြီး ပြန်ထလာသည်။ နောက်ဆုံးဘယ်သူမျှ သေအောင်မသတ်နိုင်ပဲ ရှိတော့သည်။ ထိုအခါကျမှ ဘိုးအောင်သည် ကြက်ကိုရွာဘက်သို့ ပြန်လွှတ်လိုက် သည်။ ဤမျှမောင်အောင်က အစွမ်းပြခဲ့သော်လည်း သူငယ်ချင်းများက မောင်အောင်၏စွမ်းရည်ကို သတိမ ထားကြပဲ အမှတ်မဲ့သာနေခဲ့ကြသည်။



## တတိယအကြိမ် နာမ်ခွာလှုပ်ရှားမှုစမ်းခြင်း

မောင်အောင်သည် ပညာစမ်းရန်အခွင့်ကိုသာ စောင့်နေသည်။ သူ၏အင်းနှင့်ဆေးတို့သည် အတော်ပင် ခရီးရောက်နေသည်ကိုသိသည်။ သူသည် တစ်ဆင့်ထက် တစ်ဆင့်မြင့်သော စွမ်းရည်ကိုစမ်းသပ်ကြည့်ရန်ကြံစည် သည်။ အင်း စမလေ့ကျက်မှုလုပ်ထုံးများကို မပြတ် ဖတ်ရှု လေ့လာစမ်းသပ်နေသည်။

တစ်နေ့သောအခါဆရာတော် ဦးလက္ခဏနှင့် ကျောင်းရှိသံဃာတော်များကို ရွှေစက်တော်ဘုရားဖူးကြွ ရန်စီမံကြသည်။

ထိုအခါကျောင်းကိုစောင့်ရှောက်ရန် မောင်ဘိုး အောင်နှင့် အရပ်ထဲမှ ဦးလုံးဆိုသူတို့အား အတူတာဝန် ချထားသည်။ မောင်အောင်သည် ပေးသောတာဝန်ကို ယူလိုက်သည်။ သို့နှင့် ဆရာတော်များလည်း စိတ်ချလက်

www.burmeseclassic.com

www.burmeseclassic.com



ချ ကြွသွားကြသည်။

ဆရာတော်တို့သည် ရွှေစက်တော်သို့ရောက်လောက်ချိန်တွင် မောင်အောင်သည် မိမိပညာတန်ခိုးဖြင့် ရုပ်နာမ်ကိုခွာ၍ နာမ်ကိုရွှေစက်တော်သို့ လွှတ်လိုက်သည်။ ထိုနာမ်သည် မောင်အောင်၏ ရုပ်ထုကိုဆောင်ပြီး ရွှေစက်တော်သို့ချက်ချင်းရောက်သွားသည်။ ရောက်လျှင် ဆရာတော်တို့ ကြွသွားရာနေရာနှင့် ပြောဆိုရာစကားများကို မပြတ်မှတ်သားနားထောင်သည်။ ညနေအခါ ကျောင်းသို့ပြန်လာသည်။ နောက်တစ်နေ့၌လည်း ထိုနည်းအတိုင်း လိုက်ပြန်သည်။ ထိုနည်းဖြင့် သုံးရက်တိုင်တိုင်သွားရောက်ခဲ့သည်။

မောင်အောင်သည် ဆရာတော်များပြန်ကြွမည့်နေ့တွင် မိမိပြုအပ်သော ဝတ်များကိုမပျက်အောင်ပြုလုပ် ထားသည်။ ကျောင်းကိုလည်း တံမြက်လှည်းခြင်း ရေဖြည့်ခြင်းများပြုလုပ်ထားသည်။ ထိုနောက် မကြာမီ ဆရာတော်များပြန်ရောက်လာကြရာ ကျောင်းတွင်မောင်အောင်နှင့် ဦးလုံးတို့ပြုပြင်စောင့်ရှောက်ထားပုံကို ချီးမွမ်းကြသည်။



မောင်အောင်က သူဘုရားဖူးခဲ့ပုံများကိုတစ်လုံးမကျန်ပြန်ပြောပြလျှောက်ထားလိုက်တော့သည်။ ဤတွင်မှ ဆရာတော်ဦးလက္ခဏလည်းအံ့ဩရသည်။ မောင်အောင်၏ လောကီစွမ်းရည်များ မည်မျှပေါက်ရောက်နေပြီကိုလည်း သိရတော့သည်။

တဆက်တည်းပင်ဤကဲ့သို့ အစွမ်းထက်လာခြင်းမှာ ဆရာတော်၏ ကြေးနီပုရပိုက်ကိုရရှိ၍ ပုရပိုက်ပါနည်းများကိုလေ့ကျက်ရာမှ အောင်မြင်ပေါက်ရောက်ခြင်းကို စဉ်းစားမိလာသည်။

ဦးလက္ခဏသည် မောင်အောင်ပုရပိုက်ကိုရခြင်းဟုတ်မဟုတ် စုံစမ်းသတိထားရန်နှင့် နောက်ထပ်မည်ကဲ့သို့ အစွမ်းပြမည်ကိုလည်းကောင်း မည်ကဲ့သို့ လေ့ကျင့်အားထုတ်သည်ကိုလည်းကောင်း စောင့်ကြည့်အကဲခတ်စေသည်။ မောင်အောင်ကိုယ်တိုင်က ဖွင့်မပြောသော်လည်း အင်းအကြောင်းမေးမြန်းပုံ ခက်ခဲသောအနက်အဓိပ္ပါယ်များ မေးမြန်းပုံများကိုပြန်ပြောင်းကာ သတိရလာသည်။ ဆရာတော်ကြီးပျံလွန်တော်မူပြီးကတည်းက

www.burmeseclassic.com

www.burmeseclassic.com



အစအနပျောက်ခဲ့သော ကြေးနီပုရပိုက် မည်ကဲ့သို့မောင်အောင်ထံသို့ ရောက်ရှိနေသည်ကိုမူကား မတွေးတတ်အောင်ဖြစ်လာသည်။

တစ်စတစ်စနှင့် မောင်အောင်ကြေးနီပုရပိုက်ကို မပေးလို၊ ထိုပုရပိုက်ကြောင့် မိမိတတ်သိကျွမ်းကျင်သော အင်းစမ်နည်းများလည်း တိုးတက်အောင်မြင်လာသည်။ ဆက်လက်၍ အားထုတ်လျှင်ကိုယ်ပျောက်နည်း- အာယုသိဒ္ဓိအသက်တမ်းကို ဆွဲဆန့်ထားနည်း-သိဒ္ဓိမြောက်ဖန်ဆင်းနည်းများကို တက်မြောက်၍ ထွက်ရပ်လမ်းသို့ ကူးဝင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဆရာတော်အား ဤသို့လျှောက်ထားသည်။

"တပည့်တော်ပုရပိုက်ကို ယခုအခါ၌ မလှူနိုင်သေးပါဘုရား၊ ဒါပေမယ့် နောင်အခါ တပည့်တော်ကိစ္စပြီးမြောက်သည့်အခါ ဆရာတော်ကိုပင်လှူခဲ့ပါမည် ဘုရား" ဟု မောင်အောင်က ကတိပေးလိုက်သည်။



# သတ္တဝါတို့၏စိတ်ကို ဆွဲဆောင်စမ်းသပ်မှုပြုလုပ်ခြင်း

မောင်အောင်သည် မိမိပညာကိုအနည်းနည်းစမ်းသပ်ပြီးနောက် ဆက်လက်ပြီး ထူးထူးထွေထွေ စမ်းသပ်လိုပြန်သည်။ သူသည် အမျိုးမျိုးအဖုံဖုံ စိတ်ကူးသည်။ နောက်ဆုံး စိတ်ကူးတစ်ခုရလာသည်။ ထိုစိတ်ကူးကားအခြားမဟုတ်၊ မိမိဆေးစွမ်းကို သက်ရှိသတ္တဝါများနှင့် စမ်းသပ်ရန်ပင်ဖြစ်သည်။

သတ္တဝါလောကတွင် ကြီးသည်လူကြောက်တတ်သောသတ္တဝါဖြစ်၍ ခွေးသည်ကား တစ်ကောင်နှင့်တစ်ကောင် ရန်လိုတတ်၍ စားမာန်ခုတ်တတ်သောသတ္တဝါဖြစ်သည်။ မောင်အောင်သည် ထိုသတ္တဝါနှစ်မျိုးကို အတူ တကွ အစားအစာစားစေရန် ရည်ရွယ်မိသည်။

မောင်အောင်သည် ကြေးနီပုရပိုက်တွင်ပါရှိသော နည်းအတိုင်းဆေးကြိမ်လုံးတစ်ချောင်းကိုစီရင်သည်။ ထို့နောက်ကျောင်းထိုင်ဆရာတော် ဦးလက္ခဏအား "မိမိ

www.burmeseclassic.com

www.burmeseclassic.com



သည် ခွေးများအား ထမင်းကျွေးလိုကြောင်း” လျှောက်ထားခွင့်တောင်းသည်။ ကြားရသော ဦးပဇင်းများနှင့်လူများက မောင်အောင်အားစိတ်မနှံ့သဖြင့် ထင်ရာလျှောက်လုပ်နေသည်ဟုထင်ကြသည်။ အချို့က စိတ်ထဲတွင် မဏားဖွင့်ဟ၍ပင်ပြောင်လှောင်ပြောဆိုရယ်မောကြသေးသည်။

မောင်အောင်အဖို့ကားအဆန်းမဟုတ်ချေ။ လူဆိုသည်မှာ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ်ဖြစ်၍ လူတစ်ကိုယ်ထင်တလုံးရှိကြသည်။

ထို့ကြောင့် မောင်အောင်သည် ဘဝကိုသံဝေဂယူသော်လည်း အနာဂတ်ကိုမျှော်မှန်းထားပြီးဖြစ်၍ စိတ်မပျက် ဆက်၍သာအားထုတ်သည်။

ဆရာတော်ဦးလက္ခဏလည်း မောင်အောင်ကိုတား၍ ရမည်မဟုတ်ကြောင်းသိသည်။ တစ်နေ့သောအခါတွင် ရွှေပြည်စင်ကုန်းအရှေ့ဘက် လေးကျွန်းအောင်မြေ ဘုရားတည်ရာကုန်းတွင် တည်ရှိသည့်ဗိုလ်ကောက်ဇရပ်သို့ ခွေးစာချက်ရန် မိုးဗြဒယ်အိုးများ ဆန်များနှင့်ထင်းများကိုကူသယ်ကောက်သယ် သယ်ယူလျက်ရှိ



သည်။လူအများကလည်း မောင်အောင်လုပ်သမျှကို အရူးသဖွယ် သဘောထားကာ ပွဲကြည့်ပရိသတ်အဖြစ်စောင့်ကြည့်နေကြသည်။

နံနက်လင်းရောင် လာသောအခါ ထင်းများကိုခွဲ၍ ခွေးစာစပြီးကျိုသည်။ အိုးများကို ဂရုစိုက်၍မွှေပေးသည်။ အိုးများတည်ထားခိုက် ဖျာကြမ်းများကို တခွင်တပြင်လုံးခင်းသည်။ ခွေးစာများကျက်သောအခါ ဖျာပေါ်တွင် အစုလိုက်အစုလိုက် ပုံထားပြီးနောက်. . .

“ကျေးရွာတစ်ခွင်တစ်ပြင်ရှိ ခွေးပေါင်းတို့ သင်တို့အားငါသည် ဝပြောအောင်အစာကျွေးမည်၊ ငါဖိတ်ခေါ်ရာသို့ သင်တို့လာကြကုန်လော”

ဟုပြောဆိုပြီး ဆေးကြိမ်လုံးနှင့် ဖျာပေါ်ကိုတဖြန်းဖြန်း ရိုက်သည်၊ ရွာထဲမှ ခွေးများသည် အဘယ်ကဲ့သို့ကြားကြသိကြသည် မသိ၊ ခွေးအို ခွေးပိန် ခွေးပေါက်စမကျန် မောင်အောင်ခေါ်ရာသို့ ပြေးထွက်လာကြသည်။ ခွေးပရိသတ်ကြီးကား ကုန်းတော်တပြင်လုံးစည်ကားလှသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်သည် လူများကိုကျွေးသကဲ့သို့လိုရင် ထပ်ထည့်၍ အဝကျွေးသည်၊ ခွေးများကလည်း စည်းကမ်းရှိရှိစားကြသည်။ တစ်ကောင်ကို တစ်ကောင် ဦးစားပေးကြသည်။ ခွေးကလေးများလည်း အနှောက်အယှက်မရှိ၊ ဗိုက်ပူနံကားဖြစ်အောင် စားကြသည်။ မောင်အောင်သည် ကြည့်၍ ပီတိဖြစ်နေသည်။

စားသောက်ကြပြီးလျှင် စည်းကမ်းရှိရှိခွေးစုခွဲ၍ မိမိနေရာအသီးသီးသို့ ပြန်သွားကြသည်။ မိုးဗြဲဒယ် သုံးလေးဒယ်လည်း ပြောင်သည်၊ ဖျာပေါ်တွင်လည်း အကုန်အစင်စားသွား၍ ပြောင်ကျန်ခဲ့သည်၊ ကွယ်ရာတစောင်းက လာကြည့်နေကြသူများမှာ အံ့သြနေကြသည်၊ မောင်အောင်ကို အရူးဟူ၍သာ အမှတ်ထားရသည်၊ ဤအရူးမှာ အခြားအရူးများကဲ့သို့မဟုတ်၊ အရူးသာဆိုသည် သူကောင်းထက် စည်းစနစ်သပ်ရပ်သည်။ စေတနာရှိသည်၊ အလုပ်နိုင်နင်းသည်၊ အထူးသဖြင့် တိရစ္ဆာန်များအပေါ်မှာပင် သြဇာရှိသည်၊ ထူးခြားလှသော အရူးပါတကားဟု အတွေးရခက်ကြသည်။



## မောင်အောင်ဖမ်းဆီးစစ်ဆေးခံရပြီ

မောင်အောင်၏ သတင်းသည် ရွာနီးချုပ်စပ်အထိ ပြန့်၍ လူအများကအမျိုးမျိုး ဝေဖန်ကြသည်။

သတင်းသည် မြို့ဝန်မင်းမဟာသမိန်ထောနားသို့ ပေါက်ကြားတော့သည်။ တောင်တွင်းကြီး မြို့ဝန်သည် ထီးနန်းလုပ်ကြံလုယူနိုင်သည့် လူစွမ်းကောင်းပေါ်ပေါက်လာပါက မိမိမှာ တာဝန်မကင်းဖြစ်မည်စိုးသော့ကြောင့် မောင်အောင်အား မိဘနှင့်တကွဆင့်ခေါ်ရတော့သည်။

မောင်အောင်သည် ဖခင်ဦးမြတ်ညိုစံ မိခင်ဒေါ်ငြိမ်းရာတို့နှင့်အတူ တောင်တွင်းကြီး မြို့ဝန်မင်းထံသွားရောက်ကြရသည်။

"မောင်မင်းမှာ ထူးခြားသောတန်ခိုး သတ္တိရှိတယ်ဆိုတာ မှန်သလား"

မောင်အောင်သည်ဘာမျှ ထိန်ချန်မထားပဲပြောသ

www.burmeseclassic.com

www.burmeseclassic.com



မှုကို အမှန်အတိုင်း ပြောပြသည်။ မြို့ဝန်စာရေးက တစ်လုံးမကျန် ပုရပိုက်တွင် ရေးမှတ်သည်။ထို့နောက် မိမိတာဝန်ကင်းအောင် မြို့ဝန်ကနေပြည်တော်ရွှေနန်းတော်ကြီးရောက် အစီရင်ခံစာတင်သွင်းလျှောက်ထားလိုက်သည်။ မောင်အောင်တို့မိသားစုကိုလည်း ဖမ်းဆီးထားလိုက်သည်။ သို့ရာတွင် ဆရာတော်ဦးလက္ခဏကြားသိပြီး အမိန့်ဖြင့် မောင်အောင်အား ပြန်ခေါ်ယူသွားသည်။

ရပ်ထဲရွာထဲတွင်ကား မောင်အောင်ကိုလိုသူရှိသလို၊ မလိုသူလည်းရှိသည်။ ထို့ကြောင့်မောင်အောင်သည် လူအများ၏ အသက်စည်းစိမ် လုံခြုံရေးအတွက် အန္တရာယ်ရှိသူဖြစ်ကြောင်း မင်းတရားကြီးကိုပင် တစ်နေ့နေ့ အန်တုမည်ထင်ကြောင်းများကို ပြောဆိုကြသဖြင့် မြို့ဝန်မင်းသည် မောင်အောင်ကိုစိတ်မချနိုင်ဘဲ ရှိနေခဲ့သည်။



## မောင်အောင်တိမ်းရှောင်သွားခြင်း

မောင်အောင်က မိမိထွက်ရပ်လမ်းကိုသာ အားထုတ်၍ နိုင်ငံကိုရန်ပြုမည့်သူ မဟုတ်ကြောင်းကို ပြောပြသော်လည်း မြို့ဝန်မင်းမယုံကြည်၊ သူ့ရာထူးထိခိုက်၍ မင်းမျက်သင့်မည်ကိုသာစိုးရိမ်သည်။ ထို့ကြောင့် မောင်အောင့်ကို ဖမ်းဆီးထားရန်အစီအစဉ်ပြုလုပ် ပြန်တော့သည်။

မောင်အောင်လည်း ဖမ်းဆီးခံနေရပါက မိမိအလုပ်ပျက်တော့မည်ကို စိုး၍ အဖမ်းမခံဘဲ မိဘများကိုပါ ခေါ်ယူလျက် အင်းကြီးသို့ရုပ်ဖျက် ပြောင်းရွှေ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## မောင်အောင်ပုရပိုက် ရပြန်ပြီ

ထိုသို့တိမ်းရှောင်နေစဉ် ဦးမြတ်ညိုစံနှင့် မယ်ငြိမ်းရာတို့က ရာဇဝတ်ဘေးကို စိုးရိမ်သဖြင့်မောင်အောင်အား ရွှေရောင်လျှံဘုရားအနီး ဆရာတော်ထံတွင် အပ်နှံ၍ ရှင်သာမဏေဘောင်သို့ သွတ်သွင်းလိုက်သည်။

မောင်အောင်လည်း သာမဏေဘဝနှင့်ပင် ဆရာတော်အား -ဝတ်ကြီးဝတ်ငယ်ပြုစု၍ အေးချမ်းစွာနေသည်။ တစ်နေ့သောအခါပုဂံမှ သိုက်ဆရာတစ်စုတို့သည် ရွှေရောင်လျှံဘုရားအရှေ့ဘက်ရှိ ရေကန်အလယ်၌ ရွှေအိုးငွေအိုးရှိကြောင်း သိုက်ကျသည်ဆိုကာ ညအခါ



လာရောက်တူးဖော်ကြသည်။

မောင်အောင်သိသဖြင့် သိုက်တူးရာသို့သွားရောက်ကြည့်ရှုသည်။ သိုက်ဆရာများက ရွှေအိုး၊ ငွေအိုးကိုတွေ့သဖြင့် ထုတ်ယူကြသည်။ အိုးများရသဖြင့် ကျေနပ်သွားကြသည်။ မောင်အောင်က ရပ်ကြည့်နေရာမှ အိုးအောက်တွင် ကြေးနီပုရပိုက်တစ်ဆူကို မြင်လိုက်သဖြင့် သိုက်ဆရာများ ပြန်သွားသောအခါသွားရောက်ဖော်ယူပြီး ကျောင်းသို့ပြန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## မြို့ဝန်က ဖမ်းဆီးခိုင်းခြင်း

မောင်အောင်သည် ပုရပိုက်ရပြီးသည့်နောက်တွင် ကျောင်းမှာမနေတော့ဘဲ ရွှေရောင်လျှံဘုရားအနီးတောထဲ၌သာနေ၍ ထွက်ရပ်ပေါက်လုပ်ငန်းများကိုအားထုတ်သည်။ မိမိအလုပ်ကိုသာအာရုံစိုက်လျက် မနေမနားကြိုးစားသည်။ ရွာထဲသို့ အဝင်အထွက်မပြုတော့ပေ။ သို့ရာတွင် ရွာသားများကသူ့အကြောင်းကို ပြောမဆုံးတော့ပေ အမှန်လည်းပါသည်။ ပိုပို မိုမို့ခဲ့ခဲ့ကားပြောဆိုကြသည် လည်းပါသည်။

တစ်စတစ်စနှင့် စိုးရိမ်ထိတ်လန့်နေသော မြို့ဝန်မင်းအတွက် မောင်အောင်ကို လွှတ်ထားရန် မဖြစ်နိုင်သ



လောက်ရှိသည်။ ထို့ကြောင့် မြို့ဝန်မင်းက မင်းချင်းတပ်သားတစ်ချို့ကိုစေလွှတ်၍ မောင်အောင်ကိုဖမ်းခိုင်းသည်။ တပ်သားများသည် စုံစမ်း၍ရွှေရောင်လျှံဘုရား အနီး မောင်အောင်နေရာကျောင်းတိုက်တွင် ဝင်ရောက် ရှာဖွေသည်။ မောင်အောင်ကိုကား မတွေ့ကြရချေ။ ဆရာတော်ကလည်း မောင်အောင်သည် ကျောင်းမှာ မနေတော့ တောထဲတွင်သာနေကြောင်းရှင်းပြသည်။

ကျောင်းထိုင်ဆရာတော်က "မောင်အောင်သည် နိုင်ငံကိုအန္တရာယ်ပြုပုံမပေါ်၊ အေးဆေးရိုးသား၍ လူကောင်းတစ်ယောက်ဖြစ်ကြောင်း၊ ဖမ်းဆီးရန် လိုမည် မဟုတ်ကြောင်း" မိန့်ကြားသော်လည်း အထက်မြို့ဝန်မင်းက စေလွှတ်သဖြင့် အမိန့်အာဏာအရ မောင်အောင် နေထိုင်ရာ တောထဲသို့ လိုက်ပါသွားကြသည်။

မောင်အောင်၏မိဖများကို မြို့ဝန်ကဖမ်းဆီးသွားကြောင်း သိရှိရသောအခါ ဆရာတော်ဦးလက္ခဏာသည် မြို့ဝန်၏အိမ်သို့ကြွသွား၍ မောင်အောင်ဘက်မှကာဆီး မိန့်ကြားသည်။ "မောင်အောင်သည်မြို့ရွာ နိုင်ငံကိုနှောက်ယှက်ခြင်းမပြုခဲ့ကြောင်း၊ မောင်အောင်၏မိဘများကို

www.burmeseclassic.com

www.burmeseclassic.com



ပြန် လွှတ်သင့်ကြောင်း"များကိုမိန့်ကြားသဖြင့် နောက်ဆုံး ....တွင် မြို့ဝန်မင်းက မောင်အောင်၏မိဘများကို ပြန်လွှတ် ပေးလိုက်သည်။

မောင်အောင်လည်း ရွှေရောင်လျှံဘုရားအနီး တောထဲတွင်မနေတော့ဘဲ၊ မိမိဇာတိ လက်ပံရှည်ရွာအရှေ့ဘက်ရှိ လက်ပံပင်ကြီးကိုအမှီပြုကာ ထွက်ရပ်လုပ်ငန်းများကို ဆက်လက်အားထုတ်သည်။



## ဘုရားဖူးထွက်ရင်း မောင်ဝိုင်းနှင့် ဆုံရခြင်း

မောင်အောင်သည် မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုရားပုထိုးများကို ဖူးမျှော်လိုသောဆန္ဒပေါ်ပေါက်လာသည်။ တောင်တွင်းနယ်တွင်သာ နေ၍မပြီးသောကြောင့် လိုအပ်သောကိစ္စများကို လှည့်လည်ဆောင်ရွက်ရန်လိုအပ်သည်။ ထို့ကြောင့် ရှေးဦးစွာပြည်မြို့သို့သွားရောက်၍ ရွှေဆံတော်စေတီတော်ကိုဖူးမြော်သည်။ ရွှေဆံတော် ကုန်းတစ်ဝိုက်တွင် အတန်ကြာနေထိုင်၍ နိဗ္ဗိန္ဒတောတခွင်၌လည်း လှည့်လည်၍ထွက်ရပ်လုပ်ငန်းများကို ဆောင်ရွက်သည်။ ပြည်တဝိုက်ရှိ တောတောင်လျှိုမြောင်တို့မှာ သာယာသဖြင့် မောင်အောင်သည်ပြည် တစ်ဝိုက်တွင်ပင် ဆက်လက် နေထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်မြို့တွင်လှည့်လည်၍ ဘုရားပုထိုးများဖူးမြော်စဉ် အင်းတစ်ထောင်အရပ်သို့ရောက်သွားသည်။ ထိုအရပ်တွင် နေထိုင်စဉ်အပေါင်းအသင်းမိတ်ဆွေသစ်များလည်းတိုးလာသည်။ တစ်ယောက်သဘောကိုတစ်ယောက်နားလည်၍ ခင်မင်ဆုံးမိတ်ဆွေနှစ်ယောက်မှာ မောင်မြတ်နှင့် မောင်ဝိုင်းတို့ဖြစ်သည်။ သူတို့သည် သွားအတူ၊ စားအတူဖြစ်ကြသည်။ ငယ်ပေါင်းများကဲ့သို့ တစ်ဦးအပေါ်တစ်ဦး စောင့်ရှောက် စေတနာထားကြသည်။

ဤတွင် မောင်ဝိုင်းဆိုသူကားအခြားသူမဟုတ်၊ နောင်အခါ အမရပူရတွင် နန်းတက်သည့်ဘိုးတော်မင်းတရားငယ်ရွယ်စဉ်မောင်ဝိုင်းအမည်ခံ မင်းသားတစ်ပါးသာဖြစ်သည်။ မောင်ဝိုင်းသည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏- (၁၁၀၆)ခုနှစ်တွင် ဖွားမြင်သောသားတော်ဖြစ်သည်။ အလောင်းမင်းတရားနတ်ရွာစံပြီးနောက် သားတော်သုံးပါးအစဉ်အတိုင်း ထီးနန်းစိုးစံကြရာ နောင်တော်ကြီးနှင့် ဆင်ဖြူရှင်မင်းတို့၏ နောက်တွင် အင်းဝဘုရင်ဖြစ်လာသည်။ (၁၁၄၃) ခုနှစ်တွင် နန်းတက်ပြီးနောက်(၁၁၄၅)ခုနှစ်တွင် အမရပူရ မြို့တော်ကိုတည်



တွင်မှ ဘုရင်ဖြစ်သည်။ မင်းသားဘဝက ဒေသအသီးသီးသို့ လှည့်လည်သွားရောက်ရာတွင် ပြည်မြို့အင်းတစ်ထောင် အရပ်၌မောင်အောင်နှင့်တွေ့ဆုံသိကျွမ်းခင်မင်သွားကြခြင်းဖြစ်သည်။

မောင်အောင်သည် တောင်တွင်ကြီးမြို့တွင် နေထိုင်စဉ်ရှေးကကဲ့သို့ ခွေးများကိုထမင်းကျွေးလိုစိတ်ပေါက်ပြန်သည်။ ထို့ကြောင့်မိမိအား အထင်အမြင်မမှားစေရန် ပြည်မြို့ဝန်မင်းထံ့သွားရောက်ခွင့်တောင်းသဖြင့် မြို့ဝန်ကစိတ်ကောင်းရှိသူဖြစ်သောကြောင့် ပြည်မြို့ရှိ ဆန်ကုန်သည်များက အခြားသူများထက်မောင်အောင်ကို ဦးစားပေး၍လိုသလောက်ဆန်များရောင်းချရန် အမိန့်ထုတ်ပေးသည်။

မောင်အောင်သည် လိုသမျှဆန်များရရှိသောအခါ ရှေးနည်းတူချက်ပြုတ်ကာ ပြည်မြို့ရှိ ခွေးများကိုဆေးကြိမ်လုံးနှင့်ရိုက်၍ခေါ်သည်။ ခွေးထောင်နှင့်ချီရောက်လာကြပြီး မောင်အောင်ကျွေးသည်ကို ငြိမ်ငြိမ်လေးစားသောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်သည် ခွေးများသာမက ကျီးများကို ဖိတ်ခေါ်ကျွေးပြန်သည်။ ရှိသမျှကျီးများ ရောက်လာ၍ စားသောက်ကြသည်။ ထိုသတင်းမှာ တစ်မြို့လုံးပြန့်သွား၍ မြို့သူမြို့သားများ အံ့သြကြရသလို ပြည်မြို့ဝန်လည်း ထူးခြားမှုရှိသမျှကို အင်းဝနေပြည်တော်သို့ သတင်းပို့ရသည်။



## မိဘများကို စောင့်ရှောက်ခြင်း

မောင်အောင်သည် မိမိစမ်းသပ်မှုများအောင်မြင်၍ ထွက်ရပ်ပေါက်ပညာများအကုန်အစင်တတ်မြောက်ကြောင်း သတိပြုမိသည်။ ထို့ကြောင့်မိမိကူညီသင့်သူများကို ကူညီရန်စဉ်းစားတော့သည်။ ရှေးဦးစွာ ဇီတောင်တွင်းကြီးမြို့ ကြေးနီကျောင်းတွင်နေစဉ် ခင်မင်ခဲ့သော သူငယ်ချင်းမောင်မြတ်ကြည်အားခေါ်ယူ၍ ကောင်းစွာပြုစုကျွေးမွေးသည်။ ထို့နောက် မောင်မြတ်ကြည်အားငွေတမတ်ပေးသည်။ ထိုငွေတစ်မတ်သည် သုံးပြီးတိုင်း ပြန်ရောက်နေ၍အမြဲသဖြင့် ကုန်သွားသည် မရှိချေ။ မောင်မြတ်ကြည်အားလည်း ထွက်ရပ်ပေါက် လုပ်ငန်းများကို အားထုတ်ရန် တိုက်တွန်းညွှန်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မောင်အောင်သည် မိဖများကိုလည်း ခေါ်ယူ၍ စောင့်ရှောက်ထားသည်။ မိဖများကိုမောင်အောင်က ဆီတစ်ပူ လင်းပေးထားသည်။ ထိုမျှမက ထိုဆီကိုရောဂါဝေဒနာရှင်များအား လိမ်းသပ်ကုသပေးခြင်းလည်းပြုနိုင်သည်။ လိမ်းသူတိုင်းရောဂါပျောက်ကင်းကြသည်။



# ဝိဇ္ဇာများကိုမြင်ခြင်း

တစ်နေ့တွင် မောင်အောင်သည်သူငယ်ချင်း မောင်မြတ်ကြည်ကိုခေါ်၍ ရောဝတီမြစ်ကမ်းကိုဆင်းသွားပြီး မောင်အောင်ညွှန်ပြသည်ကိုကြည့်လိုက်ရာ သိဒ္ဓိပေါက်ပုဂ္ဂိုလ်များကိုတွေ့ရသည်။ ဝိဇ္ဇာများသည်ဆေးကြိတ်သူကြိတ်အင်း စမစီရင်သူစီရင်-ပြဒါးလုံးပြုလုပ်ပြုလုပ်နေကြသည်ကို အသီးသီးမြင်ကြရသည်။ မောင်မြတ်ကြည်လည်းအလွန်အံ့ဩသွားသည်။

မောင်အောင်၏အကြံအစည်မှာ မောင်မြတ်ကြည်အားထွက်ရပ် လုပ်ငန်းများကိုကြိုးစားလုပ်ကိုင်ချင်အောင်တိုက်တွန်းရန်ဖြစ်သည်။ ထို့ကြောင့် အားကျ

www.burmeseclassic.com

www.burmeseclassic.com



အောင် သိဒ္ဓိမြောက်ပုဂ္ဂိုလ်များကို မျက်မြင်ပြသခြင်းဖြစ်သည်။ မောင်အောင်သည် ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့်အတိုင်း မောင်မြတ်ကြည်ကိုလည်း သူကဲ့သို့ ဝတ်ဆင်၍ အားထုတ်စေလိုသည်။ ဝိဇ္ဇာအသီးသီး၏ ထွက်ရပ်လုပ်ငန်းများကိုလည်း မောင်မြတ်ကြည်အားရှင်းပြသည်။



## မောင်မြတ်ကြည်ပြန်ခြင်း

မည်သို့ပင်တိုက်တွန်းစေကာမူ မောင်မြတ်ကြည်သည် စိတ်မဝင်စားဘဲ နေရပ်သို့ပြန်ခွင့်တောင်းသည်။ မောင်အောင်လည်း စိတ်မကောင်းစွာနှင့်ပင် ပြန်ခွင့်ပြုလိုက်ရသည်။

မောင်အောင်သည် မောင်မြတ်ကြည်အား ငွေတစ်မတ်ကိုပေးပြီး လက်ဖွဲ့တစ်လုံးကိုစီရင်ကာ လက်ကိုင်ပဝါတွင်ထုပ်ပြီး မောင်မြတ်ကြည်အား ပေးလိုက်သည်။ ထိုလက်ဖွဲ့တန်ခိုးကြောင့် စစ်သာမြို့သို့ပြန်ရာ၌ အန္တရာယ်ကင်းရှင်းမည်ဖြစ်ကြောင်းပြောပြလိုက်သည်။ မောင်မြတ်ကြည်အား နောင်အခါသူနှင့်အတူ ထွက်ရပ်ပေါက်ပညာများ အားထုတ်လိုက ပြန်လာရန်မှာကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မောင်အောင့်သူငယ်ချင်း ဦးဝိုင်း

မောင်ဝိုင်းသည် မောင်အောင်နှင့်တွေ့ဆုံ မိတ်ဆွေဖြစ်ပြီးနောက် အင်းဝသို့ ပြန်သွားပြီး များမကြာမီ အင်းဝတွင် နန်းတွင်းအရေးတော်ဖြစ်သည်။ ဆင်ဖြူရှင်မင်းသည် ၁၁၃၈ခုနှစ်တွင်နတ်ရွာစံသည်။ အလောင်းမင်းတရားကြီး၏ မှာကြားချက်အရ သားတော်များသည် တစ်ပါးပြီးတစ်ပါး အစဉ်အတိုင်းနန်းမွေဆက်ခံရမည်ဖြစ်သည်။

သို့ဖြင့်ပင်အလောင်းဘုရား နတ်ရွာစံပြီးနောက် သားတော်ကြီး နောင်တော်ကြီးမင်းနန်းတက်သည်။ နောင်တော်ကြီးမင်းလွန်သော် သားတော်လတ်ဆင်ဖြူရှင် နန်းတက်သည်။ ဆင်ဖြူရှင် နတ်ရွာစံသော် အမှန်အတိုင်း ဘိုးတော်ဦးဝိုင်းကဆက်လက်နန်းတက်ရမည်ဖြစ်သည်။



သို့ရာတွင် ဆင်ဖြူရှင်က သားတော်စဉ့်ကူးမင်းကိုအိမ်ရှေ့အရာထားသဖြင့် ဆင်ဖြူရှင်နတ်ရွာစံသည့်အခါ သားတော် စဉ့်ကူးမင်းက နန်းတက်သည်။ (၁၁၃၈) ခုနှစ်မှ (၁၁၄၃) ခုနှစ်အထိ(၅) နှစ်တိုင်တိုင်ကြာမြင့်သည်။ ဦးဝိုင်းသည် ဘုရင်ဖြစ်မလာချေ။

တစ်ဖန်စဉ့်ကူးမင်းကို နောင်တော်ကြီးသား ဖောင်းကားစား မောင်မောင်ကနန်းမှချပြီး မောင်မောင်ကပင် နန်းတက်ပြန်သည်။ ဆင်ဖြူရှင်သား စဉ့်ကူးမင်းက ဘုရင်ဖြစ်နိုင်ခဲ့လျှင် နောင်တော်ကြီးမင်း၏ သားကလည်း ဆင်ဖြူရှင်မတိုင်မီက မိမိခမည်းတော် အမွေကို ရသင့်သည်။ ဖောင်းကားစားက မိမိခမည်းတော်၏ ညီတော် နန်းတက်သည်ကို မဆန့်ကျင်ဘဲ လိုက်လျောသဘောတူခဲ့ပါလျက် ဆင်ဖြူရှင်က အစဉ်အလာအတိုင်း နောက် ညီတော်ကို ထီးမွေမပေးဘဲ သူ့သားကို ဘုရင်ဖြစ်စေခဲ့သည်မှာ မတရားဟုယူဆသည်။ သားစဉ်မြေးဆက်ထီး နန်းမွေပေးစတမ်းဆိုလျှင် မောင်မောင်က စဉ့်ကူးမင်း ထက်စော၍ ဘုရင်ဖြစ်သင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဖောင်းကား စားမောင်မောင်သည် မိမိမတရား ဟုထင်သည့်အတိုင်း စဥ့်ကူးမင်းစစ်ကိုင်းဘက်သို့ ထွက်ခိုက် ထီးနန်းကိုအတင်း ဝင်သိမ်းသည်။ ဖောင်းကား စားဘုရင် ဖြစ်သွားသည်။

ထိုအခါ ဘိုးတော်ဦးဝိုင်းသည် ဘုရင်ဖြစ်ဖို့စောင့်နေခဲ့ရသည်မှာ ကြာပြီဖြစ်၍ အထက်နောင်တော်တို့၏ သားများကသာ တစ်ပါးပြီးတစ်ပါးနန်းတတ်ပြီး ဘုရင်လုပ်နေကြသည်။ ဤအတိုင်းဆိုလျှင် ထီးနန်းတက်စရာလမ်း ရှိတော့မည်မဟုတ်ဟု နားလည်ကာ ဖောင်းကားစား မောင်မောင်အား တိုက်ထုတ်သည်။ ဖောင်းကားစားလည်း ခုနစ်ရက်သာနန်းစံရပြီး ထီးနန်းကိုဘိုးတော်ဦးဝိုင်းက နောက်ဆုံးရရှိသွားသည်။

ဘိုးတော်ဦးဝိုင်းသည် ဆင်ဖြူရှင်၏ နောက်တွင်မင်းနှစ်ဆက်ခြားပြီးမှ ၅ နှစ်ကြာအောင်နေပြီးမှ ဘုရင်ဖြစ်လာရသောကြောင့်တစ်ကြောင်း၊ ထီးနန်းကိုတစ်ပါးလက်မှ တစ်ပါးလုယက်တိုက်ခိုက်ယူခဲ့ကြရ၍ တစ်ကြောင်း၊ ထီးနန်းအတွက်စဥ့်ကူးမင်းအဆက်အနွယ်များ



ဖောင်းကားစားအဆက်အနွယ်များ ပြန်လည်လုယူမည်ကို တထင့်ထင့်နေခဲ့ရသည်။ ထို့ကြောင့် အင်းဝမြို့တော်မှာ မလုံခြုံဟုယူဆပြီး အမရပူရမြို့သစ်ကိုတည်ကာ မောင်အောင်၏ ထူးခြားသောအစွမ်းသတ္တိသတင်းများသည် အမရပူရနေပြည်တော် ရွှေနန်းတော်ကြီးသို့ပင် ပေါက်ကြားရောက်ရှိလာသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## မောင်အောင်ကို ဖမ်းသောဦးဝိုင်း

ဘိုးတော်ဦးဝိုင်းသည် မောင်အောင်၏သတင်းကို ကြားရသောအခါ တုန်လှုပ်မိသည်။ "မောင်အောင်ဟာ ငါ့ရဲ့သူငယ်ချင်းပဲ၊ ဒါပေမယ့် ထီးနန်းဆိုတာ ဘယ်သူ မဆိုလိုချင်ကြတာမျိုးပဲ၊ ရှင်ဘုရင်မဖြစ်ချင်တဲ့သူ ဘယ်မှာ ရှိပါ့မလဲ၊ ဒီတော့ မောင်အောင်လို သိဒ္ဓိပြီး နေတဲ့လူဟာ ငါ့ထီးနန်းကို လုရင် ငါ့ရဲ့ထီးနန်း စည်းစိမ်ပြုတ်ရချည် ရဲ့၊ မောင်အောင်ကိုဖမ်းထားမှ တော်ကာကျမယ်" ဟုစိတ်ကူးမိသည်။

ထို့ကြောင့် ပြည်မြို့သို့စေလွှတ်၍မောင်အောင်ကို ဖမ်းစေသည်။ မြို့ဝန်မင်းကလည်း မတတ်သာ၊ အကျိုး



အကြောင်း လျှောက်ထား၍မရ၊ ရွှေနန်းတော်ကြီးက မင်းတရားကြီး ကိုယ်တော်တိုင် စေလွှတ်လိုက်သော မင်းမိန့်ကိုမဖီဆန်နိုင်သောကြောင့် မောင်အောင်ရှိရာကို ညွှန်ပြလိုက်ရချေသည်။

မောင်အောင်သည် ဤတစ်ကြိမ်တွင်ထွက်မပြေး တော့ချေ။ ထွက်မပြေးသည်မှာ အကြောင်းရှိသည်။ သူ့တန်ခိုးနှင့် တိမ်းရှောင်နေလျှင်ရှေ့တွင် ငုပ်တုပ်ထိုင်ရက် နှင့်ပင် သူ့ကိုမတွေ့နိုင်ကြမှန်းသိသည်။ ဘိုးတော်ကိုယ် တိုင် ဆင်းလာ၍ဖမ်းလျှင် ပင်မမိအောင်နေနိုင်သည်။ သို့သော်ငယ်စဉ်က ချစ်သူငယ်ချင်းဖြစ်ပါလျက် ဤကဲ့သို့ မမေးမစမ်း ရာဇမာန်ဝင့်သည်ကို စိတ်မကောင်း ဖြစ်ခဲ့သည်။

ယခုမူကား ဘိုးတော်ဦးဝိုင်းကစ၍ ကတိဝတ် ဖျက်ချေပြီ။ "ငါ့သူငယ်ချင်းက ကတိဖောက်ဖျက်သကိုး" ဟူ၍သာ ပြောဆိုပြီး မင်းမှုထမ်းများထံအဖမ်းခံလိုက် သည်။ မင်းမှုထမ်းများက မင်းတရားကြီးမှာကြားချက် အတိုင်း သာမန်ရာဇဝတ်သားထက်ပင် ကြမ်းတမ်းတွင်း

www.burmeseclassic.com

www.burmeseclassic.com



ကြပ်စွာ အထပ်ထပ်တုပ်နှောင်လိုက်ကြသည်။

မင်းမှုထမ်းများထဲတွင် တပ်မှူးကလေးတစ်ဦးက မှူ ကြင်နာတတ်သည့်ပြင် မောင်အောင်၏ အပြစ်ကင်းသော အမူအရာအင်္ဂါရပ်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သည်။ အမိန့်တော်နှင့်ဖမ်းရသော်လည်း သက်သက်ညှာညှာပြုလုပ်ရန် ပြောကြားသည်။ တပ်သားများသည် မောင်အောင်ကိုခေါ်ယူပြီး လှေထဲသို့ချသည်။ လှေထဲတွင် အပေါ်မှ ဝါးလုံးကပ်များ၊ တုံးများနှင့် ဖိလှောင်ထားသည်။ ထွက်ပြေးနိုင်စရာ လမ်းတစ်ကွက်မျှမရှိတော့ပေ။ အနားပတ်ဝန်းကျင်တွင်လည်း ဓားကိုင်၊ လှံကိုင်ရဲမက်များမှာ ဖွေးဖွေးလှုပ်စောင့်ကြည့်ထားကြသည်။ နေပြည်တော်အရောက် လှေကိုချက်ချင်း အပြင်းဆန်တော့သည်။

BURMESE CLASSIC .com



## အစွမ်းပြလေသောမောင်အောင်

ဤသို့လှေကို ဆန်ခဲ့ကြပြီးမကွေးမြို့သို့ ခရီးတစ်ထောက် ရောက်ကြသည်။ လှေသမားများသည် ပင်ပန်းသဖြင့် နားလိုကြသည်။ မကွေးသို့ရောက်ခိုက် မြသလွန်စေတီတော်ကိုဖူးမြော်လိုကြသည်။ ထို့ကြောင့် စေတီတော်နှင့်မလှမ်းမကမ်းဆိပ်တွင် လှေကိုဆိုက်လိုက်ကြသည်။

"ဩော်. . . မင်းတို့ ခုမှဆိုက်လာကြသလား"

မြသလွန်စောင်းတန်းဆီမှ ဆင်းလာသောတစ်စုံတစ်ယောက်က တပ်မှူးနှင့်လှေသားများကိုဆီး၍ နှုတ်ဆက်လိုက်သည်။ အားလုံးက အံ့အားသင့်သွားကြသည်

"ဒီလူကို ငါတို့မြင်ဖူးပါတယ်"ဟု အားလုံးစိတ်တွင် ထင်မှတ်လိုက်ကြသည်။ နောက်မှ သတိရသည်။ ကမ်းပေါ်မှ နှုတ်ဆက်သူမှာအခြားသူမဟုတ်။ မောင်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဖြစ်နေသည်။

"ဟုတ်မှ ဟုတ်ရဲ့လား၊ ဒီလောက်တောင် လက်ပြန်ကြိုးအထပ်ထပ်တုပ်ပြီး လှေဝမ်းထဲမှာကပ်နဲ့ဖိလာခဲ့တာ၊ အစောင့်များက သေချာအောင်လှေဝမ်းထဲက ကပ် ကိုလှန်မကြည့်သောအခါ ကြိုးများသာတွေ့ရပြီး မောင် အောင်ကိုမတွေ့ရတော့ချေ။

"ဆရာကြီးခင်ဗျား၊ ကျွန်တော်တို့ ဒုက္ခရောက်ကြရပါတော့မည်၊ နေပြည်တော်သို့ရောက်အောင် လိုက်လာပါရန်တောင်းပန်ပါသည်။ ရွှေတော်မှောက်ရောက်မှ ကိုယ်ရည်စွမ်းပြတော်မူပါ ဆရာကြီးခင်ဗျား"

ဟုတောင်းပန်ကြသည်။

မောင်အောင်က "မင်းတို့မစိုးရိမ်ကြပါနဲ့၊ ငါ့ကိုအကြောင်းပြုပြီး မင်းတို့ မင်းမျက်တစ်စုံတစ်ရာမသင့်စေရ၊ ငါနေပြည်တော်အရောက် လိုက်ခဲ့မယ်၊ ကတိပျက်သောမင်းတို့ဘုရင်ကို တွေ့ရအောင် ငါလိုက်လာမယ်၊" ဟု နှစ်သိမ့်ပြောဆိုလိုက်သည်။ ထို့နောက် မောင်အောင်သည် မြသလွန်စေတီတော်ပေါ် သို့ ဖြန်တက်သွားတော့သည်။



တပ်မှူးလည်းမယုံချင် ယုံချင်နှင့်ဆန်တက်ရတော့သည်။ သို့နှင့် တစ်နေ့ပြီးတစ်နေ့ ဆန်တက်သွားရာ အမရပူရဆိပ်ကမ်းသို့ရောက်ကြသည်။ ဆိပ်ကမ်းသို့ရောက်လျှင် မောင်အောင်ဖြိုးကနဲပေါ်လာ၍ ပြည်မြို့တွင် ဖမ်းဆီးစဉ်ကအတိုင်း လက်ပြန်ကြိုး တုပ်နှောင်စေ၍ ဘိုးတော်ဘုရားရှေ့မှောက်သို့ လိုက်ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဘိုးတော်ဘုရားအမိန့်ထုတ်လေပြီ

ဘိုးတော်ဘုရားသည် မျူးမတ်များနှင့် ညီလာခံအတွင်းမောင်အောင်ကို ဖမ်းဆီးမိခဲ့၍ရွှေတော်မှောက်သို့သွင်းရန် အသင့်ဖြစ်ကြောင်းတင်လျှောက်သည်။

ဘိုးတော်ဘုရားသည် မောင်အောင်ကိုမြင်လျှင် ငယ်သူငယ်ချင်းဖြစ်ကြောင်း ကောင်းကောင်းမှတ်မိသည် သို့ရာတွင် "မိမိ၏ နန်းရပ်ထီးဖြူကို လုယူမည့်သူ"ဟူ၍ အထင်မှားနေသောကြောင့် ချမ်းသာမပေးနိုင်၊ မောင်အောင်အား "နိုင်ငံကိုပုန်ကန်ထောင်လွှားရန် နောက်ပါစုနေသူဖြစ်၍ ရာဇဝတ်တော်မကင်း၊ စီရင်မြဲထုံးတမ်းနှင့် အညီကွပ်မျက်သုတ်သင်စေ"ဟု အမိန့်တော်ချမှတ်လိုက်တော့သည်။



ဘုရင့်အာဏာသားများကလည်း မောင်အောင်၏အစွမ်းကိုမသိ၊ မောင်အောင်ကလည်း "သင်းတို့ အကြောင်းသိရအောင် လုပ်ချင်ရာလုပ်ပစေဦး"ဟု အလိုက်သင့်ခံနေသည်။ အာဏာသားများက တွင်းတူးပြီးနောက် မောင်အောင်ကို လက်ပြန်ကြိုးတုပ်လျက် တွင်းထဲချ၍ တွင်းထဲချ၍ မြေဖို့သည်။ မောင်အောင်သည် အပရှပ်ကို သာထားခဲ့သည်။ မောင်အောင်အစစ်ကိုကား လက်ဖျားနှင့်မျှ မတို့မိကြ။

ဤနည်းဖြင့် မြေဖို့ပြီးသောအခါ မောင်အောင်က အာဏာသားများအနောက်တွင် ရပ်နေသည်။

"ဘယ်လိုလဲ၊ ကိစ္စပြီးစီးကြပြီလား"

မေးသံကြား၍ အာဏာသားများက လှည့်ကြည့်လိုက်သောအခါ မောင်အောင်ကို အံ့အားသင့်စွာ တွေ့ကြရပြီး ထိတ်လန့်သွားကြသည်။ မောင်အောင်က ထွက်မပြေး၊ အာဏာသားများက ပြန်၍ဖမ်းဆီးလိုက်ကြပြီးနောက် . ကြိမ်းမောင်းပြီး သစ်တုံးတွင်အခေါင်းထွင်း၍ ထည့်ပြီး အလုံပိတ်သည်။ ထိုသစ်တုံးကြီးကို ဟုန်းဟုန်းတောက်နေသော မီးပုံထဲသို့ထည့်၍ မီးရှို့လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်တုံးကြီးတစ်ခုလုံး မီးရဲရဲနီရာမှ မီးငြိမ်းစပြုသည်။

အာဏာသားများက အမောအပန်းဖြေရင်း ဝမ်းမြောက်ဝမ်းသာဖြစ်ရင်း မင်းတရားကြီးအလိုဖြည့်နိုင်သဖြင့် ဆုတော်လာဘ်တော်များ ရရှိတော့မည်ဟုဝမ်းသာဖြစ်နေကြသည်။

"ကျုပ်ဒီမှာပါ"

အာဏာသားများသည် ထိုအခါတွင်ကား အံ့အားသင့်သွားရုံသာမက ထိတ်လန့်ကြောက်ရွံ့သွားကြသည်။ မောင်အောင်၏ အစွမ်းကို အံ့မခန်းဖြစ်ကြသည်။ နောက်ထပ်မသတ်ဝံ့ကြောင်းမင်းတရားကြီးထံ သံတော်ဦးတင်ကြရသည်။

ဘိုးတော်မင်းတရားလည်း မခံမရပ်နိုင်ဖြစ်သည်။ ကြောက်လည်း ကြောက်ရွံ့သွားကြသည်။ သူကိုယ်တိုင်လည်း သတ်ရန်မစွမ်းတော့၊ ကြာလျှင် မင်းမှုထမ်းများကပါဘုရင်၏ ဘုန်းတန်ခိုးကိုအထင်သေးကြပေတော့မည်။ ထို့ကြောင့် ဘိုးတော်ဘုရားသည် အကြံထုတ်သည်။ သင်းတန်ခိုးရှိပေမယ့် သင်းမိဖတွေတန်ခိုးမရှိနိုင်၊ သင်း၏မိဖများကိုဖမ်းဆီး၍ ရှေ့တော်သို့သွင်းစေဟု အမိန့်ထုတ်ပြန် လိုက်တော့သည်။



## လျှောက်ထားလာသောဆင်မယ်ဖြူ

ထိုအကြောင်းများကို ဘိုးတော်ဘုရား၏မြေးတော်ဆင်မယ်ဖြူမယ် သိရှိသွားလေရာ ဘိုးတော်ဘုရားထံ ဝင်ရောက်၍ ဤသို့သံတော်ဦးတင်သည်။

"ဘိုးတော်ဇေကရာဇ်မင်းမြတ်ဘုရား၊ မောင်အောင်သည် တိုင်းပြည်ထီးနန်းကို လုယက်လုပ်ကြံမယ့် အရိပ်အခြည်တစ်စုံတစ်ရာမျှမပြပါ။ ယခုမျက်မြင်မှာလည်း သည်းခံခြင်းတရားနဲ့ပြည့်စုံတဲ့ သူတော်ကောင်းလူ့ဏာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွှင်နေတယ်။ သူသည် သူတော်ကောင်းလမ်းစဉ်ကိုသာ ကျင့်ဆောင်သည်ဟုသတင်းများ ကလည်းဆိုသည်။ အပြစ်မဲ့သောသူအား အန္တရာယ်ပြုချေသော် လောကသံသရာ၌ မကောင်းပါဘုရား၊အကယ်၍ ဘိုးတော်ဘုရားသည် မောင်အောင်အားဆက်လက် အန္တရာယ်ပြုပါက မောင်အောင်သည်သည်းမခံနိုင်ခဲ့သော် ရန်များပါလိမ့်မည်”

ထိုအခါမှ ဘိုးတော်ဘုရာလည်း သတိကြီးစွာရသည်။ မောင်အောင်၏မိဘများကို ဖမ်းရန်အမိန့်ကိုလည်း ပြန်၍ရုပ်သိမ်းပြီး မောင်အောင်ကိုအသာတကြည် မေးမြန်းရန်ရှေ့တော်သို့သွင်းစေခဲ့တော့သည်။



## နောင်တရလေသောဘိုးတော်ဘုရား

ဘိုးတော်မင်းတရားသည် မင်းအဖြစ်ရရှိရန်- တူတော်များဖြစ်သော ဖောင်းကားစားနှင့် စဉ့်ကူးမင်းတို့ကို ဖယ်ရှားခဲ့ရသည်။

ထို့မျှမက မင်းဆွေမင်းမျိုး မှူးမတ်အမှုထမ်းများစွာကိုလည်း ထီးနန်းအန္တရာယ်ကြောင့် ကွပ်မျက်ခဲ့ရသည်

ဝန်ကြီးမဟာသူရကိုပင် ညီတော်စည်သာမင်းသားနှင့် မသင့်သောအကြံအစည်ကို ကြံစည်ခဲ့သည်ဟု ကွပ်မျက်ခဲ့သည်။

ငဖုန်းဆိုသူ ထောင်ထခြားနားသည်ကိုလည်း ဖမ်းဆီးကွပ်မျက်ရသည်။

ပုသိမ်မှ မွန်တို့ရန်ကုန်ကို ချီတက်သိမ်းယူသည်ကိုလည်းနှိမ်နင်းရသည်။

ညီတော် ပင်းတလဲမြို့စားကိုလည်း ထီးနန်းကြံ

www.burmeseclassic.com

www.burmeseclassic.com



စည်သည်ဟု ကွပ်မျက်ပြန်သည်။

၁၁၅၉ ခုနှစ်တွင် ရခိုင်၌သူကြီး ငသနဒယ် ထကြွသောင်းကျန်း၍ လိုက်လံဖမ်းဆီးသောအခါ ဘင်္ဂလားသို့ ထွက်ပြေးသည်။

ဤသို့အားဖြင့် ဘိုးတော်ဘုရားသည် မိမိထီးနန်း စည်းစိမ်အတွက် အကြိမ်ကြိမ်သတ်ရဖြတ်ရနှင့် အကုသိုလ်များပြားခဲ့သည်ကို နောင်တတရားရမိသည်။

ထို့ကြောင့် မောင်အောင်အား အချုပ်လွတ်ရှေ့တော်သွင်းစေသည်။ မောင်အောင်ကိုလည်း "မည်ကဲ့သို့ ဦးတည်ချက်ထားကြောင်း" မေးမြန်းတော်မူသည်။



## မောင်အောင်ပြသောအစွမ်းများ

"မောင်ဝိုင်း၊ မင်းဟာ ဘာမှမဟုတ်တဲ့ မင်းစည်းစိမ်ကိုလုယူလိမ့်မယ် အထင်ဟာမှားတယ်၊ သေချာစုံစမ်းပြီးမှ ဆုံးဖြတ်သင့်တယ်၊ မင်းဟာ အင်းတစ်ထောင်အရပ်မှာနေတုန်းက ထားခဲ့တဲ့ကတိကိုစတင်ဖျက်ခဲ့တယ်၊ ငါဟာ လောကီထွက်ရပ်လမ်းကိုသာ ရည်မှန်းအားထုတ်နေတာ ဖြစ်တယ်။ မင်းစည်းစိမ်မျိုးလိုချင်ရင် လက်ဖြောက်တီးရုံနဲ့ ရနိုင်တယ်၊ မင်းသိအောင်ငါပြလိုက်မယ်၊ ကဲ. . . ကြည့်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်အောင်လက်ညှိုးညွှန်လိုက်ရာ နန်းတော်ပြင် ရှိရှိသမျှနေရာတို့တွင် မောင်အောင်နှင့်မျက်နှာတူ စစ်သည်တော်များ အထပ်ထပ်ပြည့်ကျပ်နေသည်ကို တွေ့မြင်ရသည်။ ဓါးရောင်၊ လှံရောင်ဖွေးဖွေးပြောင်လျက်ရှိသည်။ ဘိုးတော်မင်းတရားသည် အံ့အားသင့်ကာ ထိတ်လန့်တုန်လှုပ်မိသည်။

"မောင်ဝိုင်း. . . မစိုးရိမ်နဲ့။ ငါ၏ တန်ခိုးစွမ်းအင်ကို ပြသရုံသာဖြစ်တယ်။ ယခုချက်ချင်း စစ်သည်ဗိုလ်ထုကို ပယ်ရှားပြမယ်"

ဟု လက်ကိုဝှေ့ရမ်းလိုက်ရာ၊ စစ်သည်များ တစ်ယောက်မကျန် ပျောက်ပျက်သွားတော့သည်။

ထို့နောက် မောင်အောင်က. . .

"မောင်ဝိုင်း မင်းဟာငါ့ကိုဖျောက်ဖျက်သတ်ဖြတ်ဖို့ နေနေသာသာ ငါရေးတဲ့အင်္ဂရာတစ်လုံးကိုပဲ ပျောက်အောင်ဖျောက်ဖျက်ကြည့်စမ်းပါ"ဟု နန်းရင်ပြင်ပေါ်တွင် မောင်အောင်က လက်နှင့်ဝိုက်၍ ညွှန်လိုက်သည်။ ဝတစ်လုံးပေါ်လာသည့်။ ထိုအခါ ဘိုးတော်မင်းတရားသည် မှုးမတ်ဗိုလ်ပါရှေ့တွင်ဖြစ်၍ ရှက်တော်မူပြီး ဝလုံးကိုခြေနှင့် ပွတ်တိုက်ပစ်လိုက်သည်။



ထိုအခါမှုလ ဝတစ်လုံးမှ ဝနှစ်လုံးဖြစ်သွားသည်။ ထိုနှစ်လုံးကို ပွတ်ခြေနေစဉ် ဝလေးလုံးဖြစ်သွားပြန်သည်။ ဘိုးတော်ဘုရားလည်း ရှက်ရှက်နှင့်လိုက်၍ဖျက်သည်။ နောက်ဆုံးတစ်နန်းတော်လုံးတွင် ဝအင်္ဂရာများပေါ်နေတော့သည်။ နောက်ဆုံးတွင် ဘိုးတော်ဘုရားကိုယ်တိုင်လည်း လက်လျှော့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးတော်မင်းတရားက တောင်းပန်ခြင်း

ထို့နောက် ဘိုးတော်မင်းတရားသည် သတိကြီးစွာ ရှိရကာ. . .

"မောင်အောင်. . . မင်းကိုငါပြစ်မှားမိတာ မှားပါတယ်၊ မင်းကိုလဲ အန္တရာယ်မပြုတော့ပါဘူး၊ မင်းလွတ်လပ်စွာသွားနိုင်ပါပြီ။ ငါ့ကိုလဲအနှောင့်အယှက်မပေးတော့ဘူးဆိုတာ ငါနားလည်ပါပြီ၊ မင်းအလိုရှိတာလဲ တောင်းပါ"

ဟု အမိန့်တော်ရှိသည်။ ထိုအခါ ဝအက္ခရာများ ပြန်ပျောက်ကွယ်သွားသည်။

ထိုအခါ မောင်အောင်က. . .

"မောင်ဝိုင်း၊ မင်းဟာ မင်းရဲ့အမှားကိုသိတဲ့အတွက် ငါခွင့်လွှတ်ပါတယ်၊ မင်းရဲ့ထီးနန်းစည်းစိမ်ဆိုတဲ့ တွယ်တာမှုကြောင့် အကုသိုလ်များလှပြီ၊ ခင်ပွန်းကြီးများ



ကိုလဲ ပြစ်မှားခဲ့မိပြီ။ ဆက်လက်ပြီးသာသနာပြုလုပ်ငန်းများကို လုပ်ဆောင်ပါ၊ တိုင်းသူပြည်သားများကို အခွန်ဘဏ္ဍာလျှော့ပေါ့ကောက်ခံပါ၊ မင်းကိုရွှေဖြစ်ငွေဖြစ်လောကီပညာတစ်ချို့ကို သင်ကြားပေးခဲ့မယ်"

ဟု ပြောဆိုပြီး ဘိုးတော်အား ရွှေဖြစ်ငွေဖြစ်အဂ္ဂိရတ်နည်းကို သင်ကြားပေးခဲ့သည်။

ထို့နောက် ညောင်ရမ်းမင်းသားခေါ် စကြာမင်းကလေး၏ မယ်တော်ဖြစ်သည့် ဘိုးတော်၏မြေး စကြာမယ်ကို "ကျေးဇူးတင်ကြောင်း" ပြောကြား၍ "အင်းတစ်ထောင်အရပ်တွင်- ငယ်သူငယ်ချင်း မောင်မြတ်ထံသို့ သွားမည်" ဟုပြောဆိုကာ ချက်ချင်းပျောက်ကွယ်သွားတော့သည်။

ဘိုးတော်ဘုရားသည် မောင်အောင်မှာကြားသည့်အတိုင်း သာသနာပြုလုပ်ငန်းများနှင့် သာသနာတော်အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများကိုအားပေးညွှန်ကြားတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးတော်မင်းနှင့် ကောင်းမှုတော်များဖြစ်လာခြင်း

ဘိုးတော်မင်းတရားသည် သူငယ်ချင်းမောင်အောင် ညွှန်ကြားသွားသည့်အတိုင်း-

စစ်ကိုင်းအိမ်တော်ရာ၌ အောင်မြေလောကစေတီကိုတည်တော်မူသည်။

ဧရာဝတီမြစ် အနောက်ဘက်ရှိ ခေါင်းလောင်းကြီးတို့ကို တစ်ပြိုင်တည်း ပြုလုပ်သည်။

ခြသေ့်ကြီး-ရေကန်ကြီးနှင့်ခေါင်းလောင်းကြီးတို့ကို တစ်ပြိုင်တည်းပြုလုပ်သည်။

နိုင်ငံတစ်ဝှမ်းရှိ မြို့ပေါင်း(၅၆) မြို့သို့ တစ်မြို့လျှင် ပိဋကတ်တော် တစ်စုံနှင့်သံဃာတော် ငါးပါးကိုစေလွှတ်၍ သာသနာပြုစေသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် ဌာန(၂၃၀)၌ ရွှေဂူ(၂၃၀)ကို တစ်ပြိုင်တည်းတည်လုပ်စေသည်။

သီဟိုဠ်ကျွန်းသို့လည်း သာသနာပြုစေလွှတ်သည်

ပဲခူးရွှေမောဓော စေတီမှာ သပိတ်မှောက်အောက်အထိ ပြိုပျက်နေရာဝန်ကြီး မဟာသီဟသူရအား



ပြိုကျပျက်စီးသော အခြားဘုရားစေတီများစွာကိုလည်း အသစ်တည်၍ ရွှေထီးအထွတ်တင်လှူတော်မူသည်။

အတင်ဂိုဏ်း၊ အရုံဂိုဏ်း ဝိဝါဒကိုငြိမ်းအေးစေ၍ အရုံဂိုဏ်းကို လက်ခံတော်မူကာ သာသနာတော်ကို တစ်ညီတစ်ညွတ်တည်း ဖြစ်စေခဲ့သည်။

ထို့အတူပင် . .

အနောက်အိန္ဒိယ မဇ္ဈိမဒေသသို့ မှူးမတ်ပညာရှိတို့ကိုစေလွှတ်ကာ ပညာသင်ကြားစေသည်။

လောကီ၊ လောကုတ္တရာကျမ်းများ၊ ဆေးကျမ်း၊ ဓါတ်ကျမ်း၊ ဗေဒင်ကျမ်း၊ နီတိကျမ်းစသည်တို့ကို ဘင်္ဂါလီ၊ သက္ကတ၊ဟိန္ဒီဘာသာ အက္ခရာတို့နှင့်ရေးသားသော ကျမ်းပေါင်း(၁၀၀)ကျော်ကို ရှာဖွေစုဆောင်းကာ မြန်မာဘာသာပြန်ဆိုစေသည်။

အိန္ဒိယနိုင်ငံ မဟာဗောဓိမှ ပင့်ဆောင်လာသော ဗောဓိပင်ပွားနှစ်ပင်ကို ပူဇော်ကိုးကွယ်သည်။

တရုတ် ဥတည်မင်းကပေးပို့သော သကျမုနိရုပ်ပွားတော်နှင့် စွယ်တော်ပွားများကို ပင့်ဆောင်ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျောက်စာများကို စောင့်ရှောက်စေသည်။

ထို့နောက် . .

နိုင်ငံစစ်တမ်းများကောက်ယူခြင်း

ငွေဒင်္ဂါးများ သွန်းလုပ်သုံးစွဲစေခြင်း

မန္တလေးအရှေ့ဘက် အောင်ပင်လယ်ကန်နှင့် ထိုကန်၏ မြောက်ဘက်ရှိ နန္ဒာကန်တို့ကို ဆည်ဖို့ခြင်း။

မိတ္ထီလာကန်ကိုလည်း ဆည်ဖို့ခြင်း။

စပါး တစ်သိန်းကိုလည်း မရှိဆင်းရဲသားများအား ဝေငှခြင်း။

နိုင်ငံတော်အတွင်း အရက်သေစာသောက်စားခြင်း၊ ငါးကြီး၊ သားကြီး သတ်ဖြတ်ရောင်းချမှုကို တားမြစ် ခြင်းများ ပြုလုပ်ခဲ့ခြင်းတို့ဖြစ်သည်။

မောင်အောင်သည် အနှောင့်အယှက်ကင်းရှင်းစွာဖြင့် မိမိတစ်ကိုယ်တည်း ဆိတ်ငြိမ်အေးချမ်းရာတွင် ခိုကာ ထွက်ရပ်လုပ်ငန်းများကို ဆက်လက်အားထုတ်ဆောင်ရွက်သည်။ အသက်အရွယ် ကြီးရင့်လာသည့်အတိုင်း မောင်အောင်အဖြစ်မှ ထွက်ရပ်ပေါက်ဦးအောင်



ဟု တွင်လာသည်။ ထိုမှနောက်တွင် ဘိုးဘိုးအောင်ဟု တစ်ပြည်လုံးတွင် ကျော်ကြားခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

ဘိုးဘိုးအောင်သည် လူများနှင့်ရောနှောခြင်း မပြုသော်လည်း လူသားများဒုက္ခရောက်၍ ကယ်သင့်ကယ်ထိုက် သည့်အခါတွင် ရောက်လာတတ်သည်သာဖြစ်သည်။ ဘိုးဘိုးအောင်သည် စကြာမင်းကို ကယ်တင်သည့် အဖြစ်အပျက်မှာ တစ်နိုင်ငံလုံးတွင်ထင်ရှားလှသည်။ စကြာမင်းအကြောင်းကာ ဤသို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စကြာမင်းနှင့်ပတ်သတ်၍ ရှင်းလင်းချက်

စကြာမင်းဆိုသည်မှာ လက်နက်စကြာရရှိသော ဘုန်းတန်ခိုးမြင့်မားသည့် မင်းများကိုခေါ်တွင်သော အမည်ဖြစ်ပြီး စကြာလက်နက်ကြောင့် ကျွန်းကြီးလေးကျွန်းကိုပင် ကူးသန်းနိုင်၍ စေလိုရာပြီးမြောက်သည်ဟု ဆိုသည်။ မြန်မာ့သမိုင်းတွင် ထင်ရှားသောစကြာမင်း တစ်ပါးပေါ်ပေါက်ခဲ့သည်။

ဘိုးတော်မင်းတရားတွင် သားတော်**ကြီးအိမ်ရှေ့**မင်းသားဦးပေါ်ဟူ၍ရှိသည်။ ဘိုးတော်မင်း**တရား နတ်**ရွာစံချိန်တွင် သမီးတော်ခြောက်ဆယ့်တစ်ပါး၊ **သားတော်**ခြောက်ဆယ့်တစ်ပါးထွန်းကားသည်။ **ဘိုးတော်သည်**



သားတော်ကြီးဦးပေါ် ငယ်နာမည်ရှိ "သတိုးမဟာရာဇာ" ဘွဲ့ခံ ရတနာရွှေတော်မင်းကို အိမ်ရှေ့အရာပေးသည်။ ထိုအိမ်ရှေ့မင်းသားသည် မင်းအဖြစ်သို့ရောက်မလာဘဲ (၁၁၇၀) ပြည့်နှစ်တွင် နတ်ရွာစံတော်မူပြီး ထိုမင်းသား၏ သားတော်စစ်ကိုင်းမင်းသည် အိမ်ရှေ့အရာရပြီး နောင်အခါဘကြီးတော်မင်းအဖြစ် နန်းတက်ရသည်။ ဘိုးတော်မင်းတရား၏နောက်တွင် သားကိုကျော်၍ မြေးကိုနန်းမွေပေးသည်။

စင်စစ်အားဖြင့် စစ်ကိုင်းမင်းသည် အိမ်ရှေ့အရာကို ရဖွယ်မရှိချေ။ အိမ်ရှေ့မင်းတွင် သမီးတော်ဆင်ဖြူမယ် သားတော်ပြည်မင်းနှင့် စစ်ကိုင်းမင်းဟူ၍ရှိရာ ဘိုး တော်ဘုရားသည် မြေးတော်စစ်ကိုင်းမင်းထက် မြေး တော် ဆင်ဖြူမယ်ကို ပန်းတောင်းမြို့ကို အပိုင်စားပေးသ ဖြင့် ပန်းတောင်းမင်းသမီး(တစ်နည်း) ပဒေါင်းမင်းသမီး ဟု ထင်ရှားသည်။

ဘိုးတော်မင်းတရားသည် မြေးတော်ပန်းတောင်းမင်းသမီးကို သားတော် စစ်ကိုင်းမင်းနှင့် လက်ထပ်ပေးရာတွင် ဆင်ဖြူမယ်ကို အကြောင်းပြု၍သားတော် အိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မင်းနတ်ရွာစံသောအခါ မြေးတော်လည်းဖြစ်၊ သမက်လည်းဖြစ်သော စစ်ကိုင်းမင်းကို ဆက်လက်၍ အိမ်ရှေ့ပေးခြင်းဖြစ်သည်။

စစ်ကိုင်းမင်းသားကို(၁၁၄၆)ခုနှစ် ဝါခေါင်လဆန်း ၆ ရက်နေ့တွင်ဖွားမြင်သည်။ (၁၁၆၄) ခုနှစ် သက်တော်(၁၈) နှစ်အရွယ်တွင်ဆင်ဖြူမယ်ပန်းတောင်းမင်းသမီးနှင့် စုံဖက်သည်။ ပန်းတောင်းမိဘုရား၏ဘွဲ့မှာ သီရိသုမာစန္ဒာဒေဝီဖြစ်သည်။ စစ်ကိုင်းမင်းသည် ခမည်းတော်နတ်ရွာစံသဖြင့် (၁၁၇၀) ပြည့်နှစ်တွင် အိမ်ရှေ့မင်းသားဖြစ်လာသည်။ နောက်(၄)နှစ်အကြာ(၁၁၇၄)ခုနှစ်တွင် အိမ်ရှေ့မင်းသား စစ်ကိုင်းမင်း၏မိဖုရား ဆင်ဖြူရှင်မယ်(သို့မဟုတ်) ဆင်ဖြူ မယ်မှ သားတော်တစ်ပါးဖွားမြင်သည်။ ထိုသားတော်ကို ညောင်ရမ်းမြို့ကိုပေး၍ ညောင်ရမ်းစားဟုတွင်သည်။ ထိုမင်းသားသည် စကြာမင်းပင်ဖြစ်သည်။



# တဘောင်ပေါ်ပေါက်လာခြင်း

ထိုအချိန်တွင် နေပြည်တော် တစ်ဝှမ်း၌ သီချင်းများပေါ်လာသည်။ မည်သူက စတင်၍ မည်ကဲ့သို့ တီထွင်ကြောင်း သဲလွန်စ ရှာ၍ မရခဲ့ချေ။

ထိုအချိန်က ပေါ်လာသောတပေါင်မှာ-

(၁) ပင်ကုက္ကို ညောင်တွဲလို့၊
အောင်ပွဲရ တို့သခင်၊
ဘုန်းတောက်မည့်အင်။
မြတ်ရာဝင်၊
အုံ့ချီးဖွယ် ကမ္ဘာတွင်လိမ့်၊
စာတင်သော် ဘယ်မညှိုးတယ်။
ဘိုးတော့် ချစ်သွေး။

www.burmeseclassic.com

www.burmeseclassic.com



(၂) ပင်ကုက္ကို ခွကြားက၊
ငါမင်းသား ထိုင်လို့နေ။
ရွတ်လိုက်တဲ့ ဂါထာတွေ
သိန်းကုဋေခြောက်သန်း။
အင်းလမ်းနှင့် စ မစုံသည်။
ဥုံမပါ ထွက်ရပ်သို့မြန်း။

ဟူ၍ဖြစ်သည်။ ထိုအခါ ဘိုးတော်မင်းတရားသည် တဘောင်၏နိမိတ်ကို သိလိုသောကြောင့် အယူတော် မင်္ဂလာအား မေးမြန်းသည်။

ထိုအခါ အယူတော်မင်္ဂလာက. . .

"တဘောင်သီချင်းတွင် ကုက္ကိုဆိုသောကြောင့် တနင်္လာသားကိုရယူသဖြင့် အရှင်မင်းမြတ်ကိုဆိုလိုပါသည်။ မြစ်တော်ညောင်ရမ်းမင်းသားသည် အင်္ဂါသားဖြစ်၍ ညောင်ဟူသောစကားဖြင့် ညွှန်းပါသည်။ ကုက္ကိုဟူသော အရှင်မင်းမြတ်၏ရင်ခွင်တွင် ညောင်တည်းဟူသော မြစ်တော်ညောင်ရမ်းမင်းသားကလေးစံတော်မူသဖြင့် ကမ္ဘာ့သမိုင်းတွင် အံ့ချီးမကုန်သော တန်ခိုးများ



ပြပါလိမ့်မည်။ ဥုံမပါထွက်ရပ်သို့မြန်းဟုဆိုသဖြင့် ထွက်ရပ်လမ်းကို ကိုယ်တိုင်အားမထုတ်ရပဲ ဝိဇ္ဇာတို့၏အမအစဖြင့် ထွက်ရပ်လမ်းပေါက်တော်မူပါလိမ့်မည်။ မကောင်းသော အနိဋ္ဌာရုံဆိုးတို့ တစ်စုံတစ်ရာကြုံရဖွယ်မရှိကြောင်း စိတ်အေးချမ်းသာ စံတော်မူပါဘုရား"

ဟုလျှောက်ထားသဖြင့် မင်းတရားကြီးက သဘောတော်ကျ၍ ဆုလာဘ်တော်များ ပေးသနားတော်မူပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စကြာမင်းသား အစွမ်းပြပြီ

စကြာမင်းခေါ် ညောင်ရမ်းမင်းသားသည် သဘောကောင်း၍ အေးဆေးသည်။ စကားကိုများစွာ မပြော၊ မင်းမှုစိုးခွင်ကို စိတ်မဝင်စား၊ အခြွေအရံများ အကပ်မခံဘဲ အေးအေးဆေးဆေး တစ်ပါးတည်းစံမြန်း လေ့ရှိသည်။ နိုင်ငံတော်တွင် သူပုန်သူကန်အရေးကြောင့် မြေးတော်မင်းသားပီပီ တာဝန်နှင့် စစ်ထွက်ရသည့်အခါ အလွယ်တကူစစ်အောင်မြင်လေ့ရှိသဖြင့် နာမည်ကောင်း ရသည်။ ထိုသို့ရသည်ကိုပင် အခြားမင်းညီမင်းသား မှူးမတ်တို့က မနာလိုဖြစ်ကြသည်။ ကုန်းချောရန်အခွင့် အခါကို စောင့်ကြသည်။ မင်းသားကမူ မည်သူ့ကိုမျှ အရေးမထားဘဲ ပုတီးကိုသာ စိတ်မြဲစိတ်နေလေ့ရှိသည်။



ဘိုးဘိုးအောင်သည် ဆင်ဖြူမယ်၏ကျေးဇူးရှိသည်ကတစ်ကြောင်း၊ မင်းသားကလေး၏ ဘုန်းသမ္ဘာကို သိမြင်ထားသည်က တစ်ကြောင်းကြောင့် မကြာခဏဆိုသလိုပင် ကိုယ်ထင်ပြလာ၍မင်းသားလေးကို သွန်သင်ဆုံးမနည်းလမ်းပြလျက်ရှိသည်။အခြားနန်းတွင်းသားများက မင်းသားကလေး၏ စံအိမ်တော်တွင် လူသူတော်တစ်ဦး မကြာခဏဝင်ထွက်နေကြောင်း တွေ့မြင်ရသည်။

တစ်နေ့သောအခါတွင် ဘိုးတော်မင်းတရားညီလာခံသဘင်၌ ထွက်စံတော်မူစဉ် ညောင်ရမ်းမင်းသား၏ စံအိမ်တော်ဆီမှ ကောင်းကင်သို့တည့်တည့်တိုးတက်သော မီးညွန့် မီးတောက်တစ်ခုကို ထိန်ထိန်ဝင်းဝင်း တွေ့ရသဖြင့် မင်းချင်းတို့အား စေလွှတ်ကြည့်ရှုစေသည်။ သို့ရာတွင် အနီးသို့ရောက်သော်စံအိမ်တော်မှာ မီးလောင်ခြင်းမရှိ ပကတိဖြစ်နေသည်ကို တွေ့မြင်ရ၍ ပြန်လည်သံတော်ဦးတင်လျှင် နန်းတော်အားလုံး အံ့သြထိတ်လန့်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘကြီးတော်မင်း နန်းတက်ခြင်း

ဘိုးတော်မင်းတရားသည် ၁၁၈၁-ခုနှစ် နယုန်လဆန်း ၁၃-ရက်နေ့တွင် နတ်ရွာစံတော်မူသောအခါ မြေးတော် စစ်ကိုင်းမင်းသည် ထိုနယုန်လဆန်း၁၅ ရက်နေ့တွင် မင်းအဖြစ်ကိုခံယူတော်မူသည်။ ဘကြီးတော်မင်းဟု နောင်အခါတွင်သည်။ ဘကြီးတော်ဟု ခေါ်တွင်ခြင်းမှာ ပုဂံမင်း မင်းတုန်းမင်းတို့၏ ဘကြီးတော်ဖြစ်သောကြောင့် နောင်မှ ခေါ်တွင်ခြင်းဖြစ်သည်။ အင်းဝမြို့ကို စတုတ္ထအကြိမ် တည်ထောင်သဖြင့် ရတနာပူရစတုတ္ထမြို့တည် နန်းတည်မင်းတရား ဟူ၍လည်းကောင်း ရွှေနန်းတော်၌ ဖန်မှန်များကို မွမ်းမံဆင်ယင်သဖြင့်



ဖန်နန်း ရှင်ဟူ၍လည်းကောင်း တွင်သေးသည်။ ဘွဲ့တော်မှာ "သိရိတြိဘုဝနာ ဒိတျာပဝရ ပဏ္ဍိတ မဟာဓမ္မရာဇာ" ဖြစ်သည်။

ဘကြီးတော်မင်းသည် (၁၁၃၈) ခုနှစ်တွင် အရပ်အနေသာ၍သင့်လျော်သော ရတနာပူရအင်းဝနေပြည်တော်ကို အသစ်ပြုပြင်တည်ထောင်၍ အမရပူရမှ အင်းဝမြို့သို့ပြောင်းရွှေ့ စံနေတော်မူသည်။ (၁၁၈၅)ခုနှစ် တပေါင်းလပြည့်ကျော်-၁ရက်နေ့တွင် မုဒ္ဓါဘိသိတ်ခံတော်မူ၍ မိဖုရားခေါင်ကြီးမယ်နုအား "သီရိပဝရတိလောက မဟာရာဇိန္ဒာရတနာဒေဝီ" တံဆိပ်နာမည်ခံစေသည်။ ထိုနေရာမှာပင် နန်းသိမ်းပွဲခံယူတော်မူသည်။ ထိုအချိန်တွင် ညောင်ရမ်းမင်းသား စကြာမင်းကလေးသည် အသက် (၁၁)နှစ်သား ရှိနေလေပြီ။

တဘောင်များပေါ်ထွက်လာပြန်ခြင်း
နန်းမတော်၊
မလျော်သည့် အတွေး။
မောင်အို မောင်တော်စပ်ကာ၊
နန်းအပ်မည့်ရေး။

www.burmeseclassic.com

www.burmeseclassic.com



နန်းစည်းစိမ် မယ်လုဖို့၊

စပယ်နု စကြာရှင်၊

သတ်မည့် ကြံအင်။

မြတ်ရာဝင်၊

စာတင်လို့မဆုံး။

မောင်အို အမျိုးပျက်က၊

အရှက်ဖုံး။

-ဆင်ဖြူမသား၊ ရေသို့လား၊ နဂါးဆောင်ယူသွားလတံ့။

-ဆင်ဖြူမသား၊ ကုန်းမှာလား၊ သိကြားကယ်ယူသွားလတံ့။

ဤတဘောင်များမှာ နန်းမတော်မယ်နုအား ရွံ့မုန်း၍ စကြာမင်းကလေးကို လိုလားသူများ၏ ကျေးဇူးကြောင့် နန်းတော်တစ်ခုလုံး ပြန့်နှံ့နေရာ နန်းမတော်ကြီးသည် တပေါင်များမရွတ်ဆိုရန် အပြင်အထန် အမိန့်ထုတ်၍ ကွပ်မျက်တော့သည်။



# အမိန့်ထုတ်ပြန်သော နန်းမတော်ကြီး

နန်းတော်ကြီးတွင် မယ်နု၊ မောင်အိုအုပ်စုက လုပ်ကြံသတ်ဖြတ်သူများလည်း များပြားလာသည်။ လူများမှာ ကိုးကွယ်ရာမဲ့ဖြစ်ကြရသည်။

ထိုအတွင်း မယ်နုသည် ဘကြီးတော်မင်းတရားထံဝင်ကာ ကြေးတိုက်မှ ညောင်ရမ်းစကြာမင်းကလေးအား ကွပ်မျက်မှုဖြစ်တော့မည့်အကြောင်းကို နားဝင်အောင် လုပ်ကြံလျှောက်တင်လေသည်။

"အရှင်မင်းမြတ်၊ ဆွေတော် မျိုးတော်များလဲ စကြာမင်းသားကို နန်းတင်ရန် ပုပ္ပါးအရပ်သို့ထွက်ခွာ၍ နောက်လိုက်ဗိုလ်ပါများ စုဆောင်းနေပြီ၊ အန္တရာယ်မှာ ကြီးမားလာပြီ၊ စကြာမင်းသားမရှိမှ သူပုန်သူကန်ဖို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက် လက်လျှော့ကြမည်။ အရှင်မင်းကြီး ကျေးဇူးသစ္စာတော်အား မထောက်ထားသော အဆိပ်ပြင်းမြွေဆိုးအား အဘယ်ကြောင့် အသက်ဆက် ပေးထားချင်ပါသလဲ၊ အရှင်မင်းကြီး၏ အန္တရာယ်ကို တားဆီးဖယ်ရှားပြုတော် မူပါဘုရား"

ဟု လျှောက်တင်သည်ကို မင်းတရားကြီးအတွက် စိုးရိမ်ဟန်ပြသည်။ ပူပင်ဟန်ဆောင်သည်။ အဆင်ခြင်ကင်းမဲ့သည့်အခိုက်ဖြစ်၍ ယုံကြည်တော်မူပြီး ညောင်ရမ်းစကြာမင်းသားကလေးအား ကွပ်မျက်စီရင်ရန် အမိန့်ချမှတ်လေတော့သည်။

"ရေမြေ့ရှင်မင်းတရားကြီး အမိန့်ချမှတ်တော်မူသည်။ သားတော်ညောင်ရမ်းစားငယ်သည် ငါအရှင်ခမည်းတော်ဘုရား၏ ကျေးဇူးသစ္စာတော်ကို မထောက်မထား၊ ခြေဖဝါးသို့မကျင့် လက်ဖဝါးကဲ့သို့ ကျင့်သည်၊ ငါ၏ ထီးနန်းအားလုယူရန် ရန်သူတော်တို့နှင့် ပေါင်းဖက်၍ မသင့်သောအကြံကို ကြံစည်သည်။ ဤကဲ့သို့ ကျေးဇူးသစ္စာဖောက်ဖျက်သူအား ရာဇဝတ်သား သာမညထက် ထူးကဲ၍ ကတ္တီပါအိပ်နှင့် ရေဆိပ်မှာချ၍ ဖျောက်ဖျက်စေ၊ အမိန့်တော်"



နန်းမတော်ကြီးမယ်နုသည် အမိန့်တော်ရခဲ့ပြီဖြစ်၍ ပျော်ရွှင် ဝမ်းမြောက်စွာဖြင့် ကြေးတိုက်သို့ အမိန့်တော်ကို ပေးပို့လိုက်သည်။ ကြားရသော တိုင်းသူပြည်သားများကလည်း စိတ်မချမ်း မသာဖြစ်ကြရသည်။ ဆရာတော်၊ သမားတော်များကလည်း မင်းတရားကြီး ထံဝင်ရောက် ၍ စကြာမင်းသားအား အဘယဒါနပေးရန် မေတ္တာရပ် ခံသော်လည်း အကြောင်းမထူးလှချေ။

တို့နောက်. . . ကြေးတိုက်မှုထမ်းများသည် အမိန့်ရလျှင် စကြာ မင်းသားအား ရွှေကြိုးဖြင့် ၂၅ပတ်မျှချည်နှောင်ပြီး ကတ္တီ ပါအိတ်တွင်ထည့်ကာ စစ်လှေကြီးနှစ်စင်းပေါ်တွင် ငွေပြားကွပ် ကုန်းဘောင် ထိုး၍ ကုန်းဘောင်ပျဉ်နှစ်ချပ်ပေါ်တွင် အိတ်ကို တင်သည်။ လှေပေါ်မှာပင် ဆရာတော်တို့ ကိုပင့်၍ သရဏဂုံတင်သည်။ ထို့နောက် လှေတော်များ ကို ရေစီးသန်ရာ မြစ်လယ်သို့ မျှောဖြုတ်ပြီး နေဝင်ချိန်နှင့် ကိုက်၍

www.burmeseclassic.com

www.burmeseclassic.com



လှေနှစ်စင်းကို တစ်ဖက်စီခွာရင်း အိတ်ကိုရေထဲ သို့ တစ်ပြိုင်နက်ကျသွားစေတော့သည်။

ထိုအချိန်တွင် တစ်မိုးလုံးချက်ချင်းအုံ့ဆိုင်းလာပြီး မိုးကြိုးထစ်ချုန်းလျက် လျှပ်စီးများလက်ကာ မိုးမုန်တိုင်း ကြီးကျလာသည်။ မြေကြီးသွက်သွက်ခါမျှ မြေငလျှင်ကြီး လည်း လှုပ်သည်။ တော်လည်းသံလည်းကြားရသည်။ မြို့တော် တစ်ခုလုံးငိုကြွေးသံများ လွှမ်းသွားသည်။



## ဘိုးဘိုးအောင်ကယ်တင်ရပြီ

အာဏာသားတို့က မိမိတို့ ဝန်ထုပ်ဝန်ပိုးကျသွား ပြီ၊ စကြာမင်းသားလေး ရေအောက်သို့မြုပ်၍ ကံကုန်ပြီ ဟု ယူဆကြသည်။

ထိုအချိန်တွင် ကောင်းကင်မှ အလင်းရောင်တစ် ခုသည် ကတ္တီပါအိတ်ကျရာနေရာ၌ ထိန်လင်းပြီးထို အလင်းရောင်သည် ကောင်းကင်သို့ပျံတက်သွားသည်။ လှေသားများနှင့် အာဏာသားများကြည့်နေစဉ်မှာပင် အလင်းတန်းထဲမှ မင်းသားတစ်ပါးသည် မြင်းဖြူကြီးကိုစီး ၍ လဝန်းဆီသို့ပျံသန်းကာ လပြည့်ဝန်းထဲသို့ရောက်သွား သည်ကို တွေ့မြင်လိုက်ကြရသည်။ စကြာမင်းကလေးကို ဘိုးဘိုးအောင်ကယ်ဆယ်ဆောင်ယူသွားသည်ကိုလူ

www.burmeseclassic.com

www.burmeseclassic.com



အချို့ကသာလျှင် တွေးတောစဉ်းစားမိကြသည်။

ထိုမှနောက်တွင်ကား နေပြည်တော်တွင် တဘောင်များ ပေါ်လာပြန်သည်။ ထိုတဘောင်တို့ကား . . . အောက်ပါအတိုင်းဖြစ်သည်။

(၁) ကတ္တီပါအိတ်နှင့်
ရေဆိပ်မှာ သေလေဟန်။
တိုင်းလုံးမျက်မှန် မသေကျန်။
ပြန်လာယင် ရွှေဖောင်စီး၊

(၂) ကြေးနီကို ဒန်သတ်လို့၊
ငမှတ်ကို စကြာထင်။
ရိုင်းတဲ့မခင်။ ဟူ၍ ဖြစ်သည်။

ထိုတပေါင်းများ၏ အဓိပ္ပာယ်မှာ . . .

စကြာမင်းကို ကတ္တီပါအိတ်နှင့် ရေဆိပ်မှာ ဖျောက်ဖျက်သော်ငြားလည်း တစ်တိုင်းပြည်လုံးက ချစ်ခင်သော မင်းသားသည် မသေပျောက်ဘဲ ရွှေဖောင်တော်စီး၍ ပြန်လာလိမ့်မည် ဟူ၍လည်းကောင်း။

စကြာမင်းကလေး အမှတ်ဖြင့် သတ်လိုက်သူ



သည် စကြာမင်းအစစ်မဟုတ်၊ ဖွားဘက်တော် ငမှတ်သာ ဖြစ်၍ စကြာမင်းကား မသေဟူ၍ လည်း ကောင်း အဓိပ္ပါယ် ရှိပေသည်။ အချို့က ဘိုးဘိုး အောင်က ရေထဲမှ ဆယ်ယူ ကယ်တင်သွား သည်ကို မြင်လိုက်ရသည်။ အချို့ မမြင်လိုက်ရ သူများကလည်း "စကြာမင်းကလေးကား ဘယ်နည်းနှင့် မျှမသေနိုင်၊ ရေထဲ အချခံရသူမှာ စကြာ မင်းမဟုတ်၊ ဘိုးဘိုးအောင်က စကြာကိုယ်စား အသေခံ ပါမည်ဟု အသက်ကို ပေးသေသူဖြစ်သည်" စသည်ဖြင့် အမျိုးမျိုး ပြောဆိုကြသည်။ ဘယ်သို့ပင်ဖြစ်စေ၊ စကြာမင်း ကလေးမသေဟု ယူဆသူကသာ များသည်။

စကြာမင်းကလေး ကွယ်ပျောက်သွားသော အခါ မယ်နုအဖို့ အန္တရာယ်တစ်ခု အေးပြီဟု နှစ်သိမ့်မိသည်။ သို့ရာတွင် မယ်နု၏ အကုသိုလ်ကံသည် ပြေးမလွတ်ပေ၊ ရွှေဘိုသို့ တိမ်းရှောင်သွားကာ နောက်လိုက် နောက်ပါ အင်အား စုဆောင်းနေသော ညီတော် သာယာဝတီမင်းသည် အင်အားတိုးတက်လာခဲ့ချေပြီ။

နောင်တော် ဘုရင်မင်းမြတ်မှာ ဩဇာမရှိ မိဖုရား

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ကြီးမယ်နု နှင့်မောင်အိုတို့သာ မတရားကြီး စိုး၍ မင်းညီမင်းသားများကို သုတ်သင်ကာ မိမိတို့ ထီးနန်း ရရှိအောင်သာ အားထုတ်နေကြသည်ကို လက်ပိုက်၍ ကြည့်မနေခဲ့ပေ။

ထို့ကြောင့် ရွှေဘိုမှ ဗိုလ်ဝင်ခံပြီး အလုံးအရင်း နှင့် ချီတက်လာရာ မယ်နုကို မနှစ်သက်ကြသော မင်းမှုထမ်း စစ်သည်တပ်များကို ကူညီကြသဖြင့် အင်းဝ မြို့ကို အလွယ်နှင့် ရရှိသည်။ နောင်တော် ဘကြီးတော် မင်းလည်း အခြေအနေကို ရိပ်စားမိသဖြင့် ညီတော်အား ထီးနန်းကို အပ်နှင်းသည်။ ထို့ကြောင့် သာယာဝတီ မင်းသည် (၁၁၉၉) ခုနှစ်တွင် ထီးနန်းကို ရရှိသည်။ နောင်တော်ကို အိမ်နိမ့်တွင် ချမ်းချမ်းသာသာ ထားသည်။



## မယ်နု ကွပ်မျက်ခံရပြီ

သာယာဝတီမင်း နန်းတက်ပြီးသောအခါ ထီးနန်း ကို ကြံ၍ မတရားမှုများ ပြုလုပ်ခဲ့သော မယ်နုနှင့် မောင်အိုတို့အား ဖမ်းဆီးပြီးလျှင် သုတ်သင်ကွပ်မျက် ရန် အမိန့်တော် ချမှတ်သည်။

မယ်နုသည် မိဖုရားခေါင်ကြီး ဘဝကပင် ညောင် ကန်ဆရာတော်ကြီး ဦးပုဒ်အား အုတ်ကျောင်းကြီးကို ဆောက်လုပ်ကိုးကွယ်ခဲ့သည်။ ဆရာတော်ကား ကျောင်း အမဟူ၍ အရေးမပေး၊ စာပေ ပရိယတ္တိ နှင့် ပဋိပတ္တိကို သာ အားထုတ်တော်မူသည်။ မယ်နုသည် အသတ်ခံ ရခဲတွင် လက်မရှိ့တို့အား တောင်းပန်၍ ဆရာတော်ထံ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ဖူးမြော်သည်။

"ဆရာတော်ဘုရား . . တပည့်တော်မ သေရပါတော့မယ်ဘုရား၊ မသေမီ ကန်တော့ခဲ့ပါသည် ဘုရား"

မယ်နုက လျှောက်ထားသည်။ ဆရာတော်က-

"အင်း . . . သူကြွေးရှိယင် ဆပ်ရမှာပေါ့"

ဟူ၍ တစ်ခွန်းသာ မိန့်ကြားပြီး တစ်ဖက်သို့ လှည့်၍ စာကြည့်နေသည်။ ဆရာတော်၏ စကားမှာ တရားအစိပ္ပာယ် လေးနက်ကာသံသရာကြွေး ပါပုံကို ဖော်ပြထားသည်။

မယ်နုအဖို့ ကျောင်းတစ်ဆောင်လုံး ဆောက်လုပ်လှူဒါန်းထားသော်လည်း အထွေအထူး စကားပြောဖော်မရ။ မင်းရေးစိုးရေးကို အရေးမထား။ ယခုသော် အဖိုးတန်သော ဓမ္မစကားကို ကြားရသည်၊ ထို့ကြောင့် -

"ယနေ့ ငါ့ဆရာတော်ဟာ ငါ့ကို မိန့်ကြားတော်မူသည်။ တစ်သက်တာလုံး ငါ့အတွက် ထူးခြားသော အခွင့်ကို ရသည်။ ငါသေပျော်ပြီ"

ဟု ပြောကာ သူသတ် အာဃာတသားတို့ ခေါ်ဆောင်ရာသို့ လိုက်ပါသွားတော့သည်။



မယ်နုနှင့် မောင်အိုတို့သည် (၁၂၀၂) ခုနှစ်တွင် ကွပ်မျက်စီရင်ခြင်း ခံရသည်၊

ပထမ ဘိုးဘိုးအောင်သည် မိမိထွက်ရပ်လမ်း အောင်မြင်ပြီး နောက်သာသနာ ပြုမည့်သူများကို ကယ်ဆယ်ခြင်း လောကုတ္တရာ ဝိဇ္ဇာလမ်းသို့ ကူးပြောင်းရန် တရားအားထုတ် နေခဲ့သည်။ အကြောင်းရှိသော အခါမှ ကိုယ်ထင်ပြ၍ ပေါ်လာတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မင်းတုန်းမင်း လက်ထက်

သာယာဝတီမင်းနောက်တွင် ပုဂံမင်း နန်းတက်သည်။ ပုဂံမင်းသည် စိတ်ဖောက်ပြန်သော ဝေဒနာရ၍ ညီတော် မင်းတုန်းမင်းက နန်းချကာ ၁၂၁၄ ခုနှစ်တွင် ထီးနန်းဆက်ခံသည်။ မန္တလေးမြို့တော်ကို တည်ထောင်၍ နန်းမြို့ပြောင်း စံတော်မူသည်။ မင်းတုန်းမင်းကြီးသည် သာသနာပြုတော်မူ၍ ပဉ္စမသံဂါယနာတင်ရန် ဆန္ဒတော်ထက်သန်လျက်ရှိသည်။ သို့ရာတွင် နိုင်ငံတော်၌ မြို့တော်သစ် တည်ဆောက်လိုက်ရသဖြင့် ငွေကြေးဘဏ္ဍာတော်များ အတော်ပင် ကုန်ခန်း လျော့ပါးနေသဖြင့် စိတ်အကြံတော် အိုက်လျက် ရှိသည်။

ထိုအချိန်တွင် ဘိုးဘိုးအောင်သည် အဓိဋ္ဌာန်ဖြင့်



မန္တလေးတောင်ပေါ်သို့ ညနေတိုင်းတက်၍ ပန်း၊ ရေချမ်း ဆီမီး ကပ်လှူကာ တရားအားထုတ်လေ့ရှိသည်။ ထိုသို့ ဘုရားပေါ်သို့ တက်သည့်အခါတိုင်း တောင်ခြေရင်းရှိ ပန်းသည်မကလေး မညိုထံမှပန်းများ ဝယ်ယူလေ့ရှိ သည်။

မညိုသည် ဘိုးဘိုးအောင်မှန်းမသိ၊ လူသူတော်တစ်ယောက်အဖြစ်သာ သိသည်၊ သို့ရာတွင် ဘာသာတရားကိုင်းရှိုင်း၍ လိမ္မာသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

တစ်နေ့တွင် ဘိုးဘိုးအောင်ကို -

"ဘိုးဘိုးရယ်. . . ကျွန်မဘိုးဘိုးကို အင်မတန်ကြည်ညိုပါတယ်၊ ဘိုးဘိုးဟာ ရတနာသုံးပါးကို ဆည်းကပ်ကာ ကျွန်မအင်မတန် လေးစားပါတယ်၊ ဒီတော့ ကျွန်မလဲ ကုသိုလ်ရအောင် ပန်းများအတွက် အဖိုးအခ မပေးပါနဲ့။ ကျွန်မကပဲ ဒါန ပြုပါရစေ၊ နေ့တိုင်းကျွန်မ ပန်းအလှူကို ဘိုးဘိုးခံယူပါ'

ဟု တောင်းပန်၍ ပန်းစည်းများ ပေးအပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်၍ ကန်တော့သည်။

ဘိုးဘိုးအောင် နေ့စဉ် ဝတ်မပျက် ဘုရားသို့ တက်ရာ သုံးလမျှ ကြာမြင့်လာခဲ့သည်၊ မိမိပါရမီကို ကူညီ ဖြည့်သော ပန်းသည်မလေး မညိုအား ချီးမြှောက် မစလိုစိတ် ဖြစ်ပေါ်လာသည်၊ မိမိ၏ အဓိဋ္ဌာန်ဝတ် သည်လည်း မကြာမီစေ့မြောက်ပြီးပြတ် တော့ပေမည်၊ ထို့အတူပင် မင်းတုန်းမင်းကြီးကိုလည်း မင်းကြီး၏ သဒ္ဓါတရားကို အကဲခတ် စောင့်စားရန် ရှိသည်၊ ထို့ကြောင့် ဦးစွာပထမ မညိုအား မစရန် ဆုံးဖြတ် လိုက်သည်။



# မညိုကို ရွှေကြက်ဥပေးခြင်း

တစ်နေ့သော ညနေတွင် မညိုသည် ပန်းရောင်း မြဲ ရောင်းနေသည်၊ ထိုအခိုက်တွင် ခါတိုင်း တောင်ပေါ် တက်နေကျ ဝတ်ဖြူစင်ကြယ် လူသူတော်ကြီးရောက်ရှိ လာသည်၊ မညိုသည် ခါတိုင်းကဲ့သို့ပင် ကောင်းပေ့ဆို သည့် ပန်းစည်းများကို ပေးလှူသည်။

ထိုအခါ ဘိုးဘိုးအောင်က-

“ငါ့မြေးဟာ ဘာသာတရား ကိုင်းရှိုင်းသူ ဖြစ်တယ်၊ ငါ့မြေးဟာ ဆင်းရဲလှတဲ့အတွက် အဘိုးက မရမှာပေါ့၊ ကဲ. . . ဟောဒီ ရွှေကြက်ဥကိုသာ ယူထား လိုက်ပေတော့၊ ဒီနေ့က စပြီး နောက်ကို ဘိုးဘိုး ဒီတောင်ပေါ်ကို မလာနိုင်သေးဘူး၊ ခရီးထွက်ရဦးမယ်’

ဟု ပြောဆိုကာ အိတ်ဖြုတ်ထဲမှ ရွှေကြက်ဥကို ထုတ်ပေးပြီး ပြန်ဆင်းသွားတော့သည်။

မညိုသည် ဝမ်းသာအားရ ဖြစ်မိသည်၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြက်ဥကို ပွတ်ကာ သပ်ကာနှင့် ကြည့်ရင်း မည်မျှ အဖိုးတန်သည်ကိုမသိ၊ သို့ရာတွင် ရွှေကြက်ဥ၏ အရောင်မှာ ဝင်းအိရွှန်းထိန်၍ နေသည်။

မညိုသည် ဆင်းရဲနွမ်းပါးသူ ဖြစ်သောကြောင့် တစ်နေ့ပန်းရောင်းမှ တစ်နေ့စားရသည်။ ထို့ကြောင့် ရွှေကြက်ဥကို ထုခွဲရောင်းချရန် မိမိယုံကြည် စိတ်ချရသော သူငယ်ချင်းများအား ပြကြည့်သည်။

သူငယ်ချင်းများကလည်း ရွှေအကြောင်းနားမလည် တန်ဖိုးမဖြတ်နိုင်ကြ၊ ထို့ကြောင့် ပန်းထိမ်ဖိုသို့ သွားရောက် ပြသရန် အကြံပေးကြတော့သည်။



## ဘုရင်မင်းမြတ်ထံ သတင်းပေါက်

မညိုသည် ရွှေကြက်ဥကို လက်ကိုင်ပုဝါနှင့် ထုတ် ကာ မန္တလေးမြို့ဈေးချိုတော် အနီးရှိ ပန်းထိမ်ဖို တစ်ခု သို့ သွားပြီး ရွှေကြက်ဥကို ရောင်းချလိုကြောင်း ထုတ်၍ ပြသည်။

ပန်းထိမ် ဆရာကြီးလည်း အံ့အားသင့်၍ သွားသည်၊ သာမာန်ပန်းသည်မကလေး တစ်ဦးထံမှ ထိုမျှသောရွှေကို တစ်လုံးတစ်စုတည်း တွေ့ရသည်မှာ အံ့သြစရာ ဖြစ်နေသည်၊ ထိုမျှမက ထိုရွှေကြက်ဥမှာ မကြုံဘူးလောက်အောင် ထူးခြားသော အရောင်အသွေး ရှိနေပေရာ မိမိလည်း တန်ဖိုးမဖြတ်နိုင်အောင် ရှိနေသည်။

နောက်ဆုံးတွင် ပန်းထိမ်ဆရာသည် ထိုရွှေကြက်

www.burmeseclassic.com

www.burmeseclassic.com



ဥကို လည်းဝယ်နိုင်စွမ်း မရှိသည့် နောက်ဆုံး ချမ်းသာကြွယ်ဝသော မှူးကြီး မတ်ကြီးတို့အား ပြသ၍ တစ်ဆင့်ရောင်းချပေးရလျှင် မိမိလည်း အကျိုးများမည်ဟု တွေးမိသည်။ ထို့ကြောင့် ရွှေကြက်ဥကို ရွှေတိုက်စိုး ဝန်ကြီးထံပြသ ရောင်းချရန် မညိုကိုပါ ခေါ်ဆောင်သွားသည်၊ မညိုလည်း ဘာမျှ မလုပ်တတ်ဘဲ ပန်းတိမ်ဆရာကြီး ခေါ်ရာသို့ လိုက်ပါသွားရသည်။

ရွှေတိုက်စိုး ဝန်ကြီးသည် ရွှေကြက်ဥကို တွေ့လိုက် ရသောအခါ အံ့အားသင့်မိသည်။ ထူးခြားကောင်းမွန်လှသော ရွှေကြက်ဥ၏ တန်ဖိုးကို မဖြတ်နိုင်။ ထိုမျှ အဖိုးတန်သော ရတနာထူးကို မညိုသည် မည်ကဲ့သို့ ရရှိခဲ့သနည်း။ ရာဇဝတ်မှု ကင်းပါသလောဟု တွေးလျှက် ရွှေတိုက်စိုး ဝန်ကြီးသည် မညိုအား ချော့မော့ မေးမြန်းတော့သည်။

မညိုက အမှန်အတိုင်း လူသူတော် တစ်ပါးပေးခဲ့ကြောင်းကိုသာ ဖြေဆိုနိုင်သည်။ ထိုအဖြေကို ရွှေတိုက်စိုး ဝန်ကြီးသည် မယုံကြည်နိုင်ချေ။ လူသူတော်တစ်ဦးက ထိုရွှေကြက်ဥကို အဘယ်မှ ရသနည်း၊



တစ်ဦးက ထိုရွှေကြက်ဥကို အဘယ်မှ ရသနည်း၊
စဉ်းစားစရာ ဖြစ်နေသည်။ နောက်ဆုံးတွင် ရွှေတိုက်စိုးဝန်ကြီးသည် ထိုကိစ္စကို မင်းတရားကြီးထံ ရွှေနားတော်ကြား တင်လျှောက်ခြင်းသည်သာ သင့်မြတ်မည်၊ ထိုမျှ ထိုက်တန်သော ရတနာသည်လည်း ဆင်းရဲသားတို့နှင့် လားလားမျှ မထိုက်၊ ဘုရင်မင်းတရားကြီးနှင့်သာ ထိုက်တန် သည် ဟူ၍ သဘောထားသည် ထို့ကြောင့် မညိုကို ခေါ်ဆောင်ကာ အမိန့်တော်ခံ၍ ရွှေနန်းတော်ကြီးသို့ ဝင်တော့သည်။

မင်းတုန်းမင်းတရားကြီးလည်း ရှေ့တော်သွင်းလာသော ပန်းသည်မကလေးနှင့် ရွှေကြက်ဥကို သေချာစွာ စူးစမ်းစစ်ဆေး ကြည့်ရှုတော်မူပြီးနောက် ရွှေကြက်ဥ၏ ထူးခြားပုံကိုလည်း ရင်သပ်အံ့သြတော်မူသည်၊ မညိုအား ဘုန်းတော်ကြောင့် မထိန်မဝှက် လျှောက်တင်ရန် အမိန့်ပေးသည်။

မညိုသည် ရွှေနန်းတော်ကြီးကို မရောက်ဖူးသဖြင့် မျက်စိကလယ်နှင့် ကြောက်ရွံ့ ထိတ်လန့်နေသည်

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မိမိသည် မုသားမပြောတတ်သူ ဖြစ်သဖြင့် ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ အဖြစ်အပျက်မှန်ကိုသာ ပြောရန် ဆုံးဖြတ်ပြီး လူသူတော် တစ်ယောက် ဘုရားဖူးရောက်လာရာမှ မိမိက ဝတ်ကြီး ဝတ်ငယ်ပြု၍ ပန်းများ ကုသိုလ်ပြုပုံ၊ လူသူတော်က မိန့်ကြားပြီး ရွှေကြက်ဥ ပေးခဲ့ပုံများကို မခြွင်းမချန် ပြန်၍ လျှောက်ထားလိုက်သည်။

မင်းတုန်းမင်း တရားကြီးကား ဉာဏ်ပညာကြီးရင့်တော်မူသည့်အလျှောက် မည်သို့လျှောက်ထားသည်များကို နားထောင်ပြီးလျှင် ချက်ချင်းပင် သဘောပေါက်ကြသည်၊ "ထိုရွှေကြက်ဥသည် သာမာန်လူတို့ ကျိုခဲ့ထားသော ရွှေတုံးမဟုတ်၊ နတ်ဝိဇ္ဇာတို့ လောကီပညာဣဒ္ဓိပါဒ်တို့ဖြင့် စီရင်ဖန်တီးထားသော ရွှေတုံးဖြစ်မည်၊ ငါ၏ သာသနာပြုလုပ်ငန်းအတွက် ပုဂ္ဂိုလ်တို့ မှ●စတော် မူလို၍ အသိပေးခြင်း ဖြစ်တန်ရာသည်"ဟု နှလုံးသွင်းမိသည်။

ထို့ကြောင့် မင်းတုန်းမင်းကြီးက လူသူတော်ကြီး အဘယ်မှာ ရှိသည်၊ အဘယ်က လာ၍ အဘယ်သို့



သွားသည်များကို သိရှိသလောက် ပြောပြရန် မည်သို့အား မေးမြန်းသည်၊ မည်သို့က လူသူတော်ကြီးသည် ရန်ကင်းတောင်ဘက် တောတောင်များဆီမှ လာကြောင်းကိုသာ သိရှိရသည်၊ ထိုထက်ပို၍ ဘာမျှမသိရ၊ မပေါ်လာတော့သည်မှာလည်း အတော်ကြာသွားပြီဖြစ်ကြောင်းကို လျှောက်ထားလေသည်။

မင်းတုန်းမင်းကြီးလည်း ထိုမျှသိရသည်ကိုယ်ဝမ်းသာသည်၊ မည်သို့သည် ရိုးသား ဖြောင့်မတ်ပုံ ရသောကြောင့် လည်ဆယ်ခြင်း မပြုတန်ရာ အခြားနည်းဖြင့်လည်း ထိုရွှေကြက်ဥကို ရနိုင်စရာမရှိ၊ ထို့ကြောင့် မည်သို့အား ထိုက်တန်အောင် ငွေများဆုလာဘ်အဖြစ်ပေးလိုက်သည်။ ကျေးဇူးသစ္စာတော်ကို သိသော ရွှေတိုက်ဝန်ကြီးနှင့် ပန်းတိမ်ဆရာကိုလည်း ဆုလာဘ်များပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## လူသူတော်ကို ရှာပုံတော်ဖွင့်ခြင်း

မင်းတုန်းမင်းကြီးလည်း မင်းမှုထမ်းတို့ကို ရန်ကင်းတောင်ဘက်သို့ စေလွှတ်၍ မညီမပြောပြသော လူသူတော်ကြီးကို မတွေ့တွေ့အောင် တောမြောင် လိုဏ်ဂူအနှံ့ ထောက်လှမ်းစောင့်ကြည့်စေသည်။ အကယ်၍ တွေ့ရှိရလျှင် "ရွှေနန်းတော်ကြီးအရောက် ရှိသေစွာ ပင့်ဆောင်ခဲ့ရန်" မှာကြားထားလေသည်။ မင်းမှုထမ်းတို့လည်း ဘုရင့်အမိန့်တော်အရ လူခွဲကာ တောတောင်လျှို မြောင်အနှံ့ နေ့စဉ်ရက်ဆက် ရှာဖွေကြသည်။ ရက်အတန်ကြာ ရှာဖွေသော်လည်း မတွေ့ကြရပေ။



သို့ရာတွင် စိတ်မလျှော့ဘဲ ရက်အတန်ကြာ ဆက်လက်ရှာဖွေကြသည်။ တစ်နေ့သောအခါတွင် ရန်ကင်းတောင် အရှေ့စူးစူး၌ မီးရောင်တစ်ခုကို တွေ့မြင်ကြရသည်။ ထိုမီးရောင်သည် တောမီးကြောင့်မဟုတ် ကြောင်းယူဆကာ လူသူတစ်ယောက်ယောက် ဖြစ်နိုင်သည်ဟူသော အမှတ်ဖြင့် မီးရောင်ရှိရာသို့ သစ်ပင်ခြုံနွယ်များကို ခုတ်ထွင်၍ သွားရောက်ကြသည်။

ထိုသို့သွားရင်းနှင့် နောက်ဆုံးမီးရောင်တွေ့ရာ နေရာကို ရောက်ရှိသွားလေရာ ထိုနေရာတွင် သစ်ပင်ကြီးတစ်ပင်အောက်၌ လူသူတော်ကြီးကို တွေ့ရှိရသည်။ မင်းမှုထမ်းများလည်း ဝမ်းမြောက်စွာဖြင့် အနှောင့်အယှက် မဖြစ်စေရန် စောင့်ကြည့်နေရပြီး အခွင့်အသင့်သည့်အခါ အပါးသို့တိုးသွားပြီး အကြောင်းစုံကို ပြောကြားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးဘိုးအောင်ကို နန်းတော်သို့ ပင့်ဆောင်ခြင်း

မညိုနန်းတော်ကြီးသို့ ရောက်ပုံ၊ ရွှေကြက်ဥ မင်းတရားကြီးမြင်၍ မေးစမ်းပုံ၊ နောက်ဆုံး မင်းတရားကြီးက သူတော်စင်ကြီးကို ကြည်ညိုလှသဖြင့် ရှာဖွေပင့်ဆောင်စေပုံများကို ပြောပြပြီး နန်းတော်သို့ လိုက်ပါကြွရောက်ရန် မေတ္တာရပ်ခံကြသည်။

ဘိုးဘိုးအောင်သည် မညိုကို အကြောင်းပြု၍ ဤသို့ဖြစ်လာလိမ့်မည်ကို ကြိုတင်သိရှိပြီး ဖြစ်သည်။ သို့ရာတွင် မင်းတရား၏ ကြည်ညိုမြတ်နိုးမှုကို စမ်းသပ်



လို သေးသည်။ စိတ်မပါတပါ ခပ်ပေါ့ပေါ့ ပင့်ဆောင်ခြင်းမျိုးကို မလိုလား၊ ထို့ကြောင့် အချိန်အခါ မတိုင်မီ ရှောင်ရှားနေခဲ့ခြင်း ဖြစ်သည်။

"မင်းတို့ ဘုရင်ကြီးက တွေ့ဆုံလိုတယ်ဆိုရင်လဲ ဘိုးဘိုးလိုက်ရတာပေါ့၊ မင်းတို့လဲ ပင်ပန်းလာခဲ့ကြတယ်၊ အဲဒီတော့ ပြန်နှင့်ကြ၊ တံခါးဝအနီးက စောင့်နေကြ၊ ဘိုးဘိုးရောက်လာမယ်၊ မင်းတို့ နန်းတော်ကြီးက ထွက်လာခဲ့တာ အခုဆိုယင် ခုနစ်ရက်ရှိကြပြီ၊ မင်းတို့လဲ အပြန်ခရီးမှာ ပင်ပန်းခြင်း မရှိရအောင် ဘိုးဘိုး လက်ဖွဲ့တစ်ခု ပေးလိုက်မယ်၊ လက်ကိုင်ပုဝါစွန်မှာ ထုတ်ယူသွားကြ၊ မင်းတို့နေပြည်တော်ကို နေ့ချင်း ရောက်သွားလိမ့်မယ်" ဟုပြောဆို၍ ဆက်လက်ကာ တရားအားထုတ်မြဲ အားထုတ်နေသည်။

မင်းမှုထမ်းများလည်း အမိန့်အာဏာနှင့် လာကြရသူဖြစ်ရာ အကယ်၍ လူသူတော်ကြီးကို တွေ့ခဲ့ရပြီးမှ ရွှေနန်းတော်အရောက် မပင့်ဆောင်နိုင်ခဲ့လျှင် ရာဇဝတ်သင့်ရောက်မည်ကို စိုးရိမ်ကြသည်။ လူသူတော်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



မလိုက်လိုလျှင် မလိုက်နိုင်ကြောင်း ဖွင့်ပြောမည်သာ ဖြစ်သည်။ အပင်ပန်းခံ၍ ရာဇဝတ်တော်နှင့် လာရသည်ကို လိမ်လည်လှည့်စားမည့် ပုဂ္ဂိုလ် မဟုတ်နိုင်ကြောင်း တွေးတောလျက် မင်းမှုထမ်းများ ပြန်လာခဲ့ကြရသည်။ သို့သော်လည်း လူသူတော်ကြီး ကြွရောက်မလာလျှင်လည်း မတတ်နိုင်၊ ဖမ်းဆီးချုပ်နှောင်၍ ခေါ်ရမည်မှာ ရာဇဝတ်သားလည်းမဟုတ်၊ ဆန့်ကျင်ခုခံသည့် အချင်းအရာလည်းမရှိ၊ ထို့ကြောင့် မင်းမှုထမ်းများသည် လူသူတော်ကြီးပေးသော လက်ဖွဲ့ကို လက်ကိုင်ပုဝါစွန်းတွင် ထုတ်၍ ယူဆောင်ကာ တောလမ်းအတိုင်း ပြန်လာခဲ့ကြသည်။

ထိုနေ့ ညနေ နေမဝင်မီပင် မင်းမှုထမ်းများသည် တခါးဝအနီးသို့ ဆိုက်ရောက်ကြလေသည်။ ခုနှစ်ရက်မျှ သွားခဲ့ရသော ခရီးမှာ တစ်ရက်အတွင်း ရောက်လာသဖြင့် အံ့သြကြရသည်။ လက်ကိုင်ပုဝါကို ထုတ်ကြည့်လိုက်သောအခါ လက်ဖွဲ့မှာ မရှိတော့ချေ။ လက်ကိုင်ပုဝါချည်းသာ တွေ့ကြရသည်။

တခါးဝအနီး အနားသို့ ကပ်လိုက်သောအခါ



လူသူတော်ကြီးက ဆီးကြိုလျက်ရှိသည်ကို အံ့သြဖွယ်တွေ့ရှိကြရသည်။ ထိုလူသူတော်ကြီးသည် တကယ့်တန်ခိုးရှင် ပုဂ္ဂိုလ်ကြီး ဖြစ်သည်ကို ယုံကြည်လက်ခံကြသည်။ ထို့နောက် လူသူတော်ကြီးနှင့်အတူ နန်းတော်သို့ ဝင်ကြသည်။ မင်းတရားကြီး အလွန် လိုလားတော်မူသော ကိစ္စဖြစ်၍ အထူးအခွင့်ပေးခြင်း ခံရခြင်းကြောင့် ညတွင်းချင်းညီလာခံ အမှိဝင်ရောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## မင်းတုန်းမင်းကြီးနှင့် ဘိုးဘိုးအောင် တွေ့ဆုံခြင်း

မင်းတုန်းမင်းကြီးလည်း အလွန် ဝမ်းမြောက်တော်မူသည်။ ပုဂ္ဂိုလ်မြတ်၏ ရုပ်ဆင်းအင်္ဂါကို အကဲခတ်ကြည့်ရုံနှင့်ပင် တန်ခိုးသိဒ္ဓိရှင် တစ်ပါးဖြစ်ကြောင်းကို သိမြင်ပြီး ဖြစ်သည်။ ထို့ကြောင့် ရာဇပလ္လင်ထက်မှ ဆင်း၍ အရိုအသေပြုကာ သင့်လျော်သော နေရာကို ပေးသည်။ ရိုသေသော အမူအရာလည်း ပြသည်။

ထိုအခါ ဘိုးဘိုးအောင်သည် ကျေနပ်မိသည်။

"သင်မင်းကြီးကား သင်၏ဘိုးတော် မောင်ဝိုင်းနှင့်မတူ၊ ကောင်းမြတ်သော အကျင့်ရှိသည်။ သူတော်ကောင်းကို ဆည်းကပ်တတ်သည်။ သာသနာကို ပြုစုစောင့်ရှောက်သည်။ သင်မင်းကြီး၏ သတင်းကို ဘိုးဘိုးကြားသိရပြီး ဖြစ်သည်။ သာသနာပြုရန် ထိုက်တန်သော ယောက်ျားဖြစ်သည်။ ကောင်းပါပေသည်။" ဟူ၍ မြွက်ကြားသည်။



ဘိုးဘိုးအောင်မှန်း သိပြီးနေ ့က်

ဘိုးဘိုးအောင်က-

"သင်မင်းကြီးသည် ပဥ္စမအကြိမ် သံဂါယနာတင်ရန် ကြံစည်နေသည် မဟုတ်လော၊ ယင်းကဲ့သို့ သာသနာ တော်ကို ပြုစုခြင်းသည် မွန်မြတ်လှ၍ မင်းမင်းတကာတို့ မကြံဝံ့ မကြံရဲသော အကြံအစည်ပင် ဖြစ်သည်။ သင်မင်းကြီးသည် အောင်မြင်မှုရလိမ့်မည်။ စိတ်အား မလျော့လေနှင့်၊ သင်မင်းကြီးသည် သာသနာပြုရာတွင် ငွေကြေး အမြောက်အမြားလိုမည်။ ဤကုန်ကျငွေများ အတွက် အခွန်အတုပ်များကို တိုးတက်ကောက်ခံလျှင် သတ္တဝါများ ပင်ပန်းဆင်းရဲ တော့မည်။ ဘိုးတော်သည် သင်မင်းကြီးအား ရွှေလုပ်၍ ပေးခဲ့မည်။ ငါ၏ အဂ္ဂိယတ် ပညာဖြင့် ရသောသန့်စင်သည့် လာဘ်လာဘကို ကောင်းစွာ အသုံးပြုလေလော့၊ တိုင်းသူ ပြည်သားများကိုလဲ တရားဖြင့် အုပ်ချုပ်လေတော့' ဟု အမိန့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးဘိုးအောင်မှ ရွှေပိသာငါးဆယ် မစလေပြီ

မင်းတုန်းမင်းကြီးလည်း အားတတ်၍ လာသည်။ မိမိအတွက် ဤကဲ့သို့ အကူအညီ ရသည်ကို ဝမ်းသာမဆုံး ဖြစ်မိသည်။

"အို. . . ဘိုးတော်၊ ကျွန်ုပ်သည် သာသနာကို ပြုစုပါသည်။ စိတ်ဆန္ဒရှိသည့်အတိုင်း သာသနာတော်အကျိုးကို သည်ပိုးလိုရာတွင် အသပြာ ငွေကြေးမများ လိုအပ်လျက်ရှိသဖြင့် အကြံအိုက်လျက်ရှိပါသည်။ ဘိုးဘိုး၏မစ ကူညီမှုဖြင့် ကျွန်ုပ်သည် သာသနာတော်ကို ဆက်လက် စောင့်ရှောက်ပါမည်။ ဘိုးတော်လိုအပ် သည်များကိုသာ မိန့်တော်မူပါ"

ဟု မင်းတုန်းမင်း ဘာမျှမပူပင်နှင့်၊ သင်မင်းကြီး၏ သာသနာပြု အလုပ်တွင် နတ်ဝိဇ္ဇာအပေါင်းတို့က



ကူညီလိမ့်မည်။ သင်မင်းကြီး ငါ့အား ကြေးစင်ပိသာ ၅၀ ကိုသာ ပေးလော့"

ဟု ဘိုးဘိုးအောင်က အမိန့်ရှိသည်။

မင်းကြီးလည်း လုံများနှင့် ကြေးစင်များကို ဘိုးဘိုးအောင်အား ပေးအပ်သည်။ ဘိုးဘိုးအောင်သည် ကြေး များကို လုံအသီးသီးနှင့် ကျိုစေပြီးနောက် အရည်ဖြစ် ပြီးသောအခါ မြေခွက်ကြီးတစ်ခုတွင် လောင်းထည့်ပြီးလျှင် ခါတ်လုံးငယ်တစ်ခုကို ကြေးရည်ပူထဲသို့ ထည့်လိုက်သည်။

ထိုသို့ ဓါတ်လုံးကို ပစ်ထည့်လိုက်သည်နှင့် တပြိုင်နက် လင်းလက်သော မီးတောက်ကြီး ဆင့်ကာ ဆင့်ကာ တက်သွားပြီးနောက် ငြိမ်သက်သွားသည်။

မြေခွက်ထဲသို့ ငုံ့ကြည့်လိုက်သောအခါ ကြေးရည်များသည် ဝင်းဝင်းလျှပ်လျှပ် တောက်၍ ချက်ချင်းပင် ခဲသွားသည်ကို တွေ့ရသည်။ စင်စစ် ကြေးများသည် အလွန်အရောင် အဆင်းကောင်းသော ရွှေတုံးပကတိ ဖြစ်သွားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းလည်း ပီတိဖြစ်လှ၍ ဘိုးဘိုးအောင်ကို အကြိမ်ကြိမ်ဦးခိုက်သည်။ "ဘိုးဘိုးအောင်အား နေပြည်တော်တွင် သီတင်းသုံးလိုပါက ဥယျာဉ်တော်တွင် လျှောက်ပတ်သော အဆောက်အဦ ဆောက်လုပ်၍ ဆွမ်းကွမ်းဝတ်ပြုပါမည်" ဟု ဝန်ခံသည်။



## ဘိုးဘိုးအောင် ပြန်လည်ထွက်ခွာသွားခြင်း

ဘိုးဘိုးအောင်ကမူ " မိမိသည် တောတွင်း၌သာ နေထိုင်လိုကြောင်း၊ အကြောင်းရှိ၍ သာသနာရေး ကိစ္စတွင် မိမိအား အာရုံပြုပါက မိမိရောက်လာမည် ဖြစ်ကြောင်း၊ သာသနာတော်ကိုသာ ပြုစုတော်မူရန် အကြောင်းများ" ကို ပြောဆိုပြီးနောက် ဘိုးဘိုးအောင် ခြေ ၉-လှမ်းမျှ လှမ်းပြီးလျှင် ပျောက်ကွက်သွားတော့သည်။

ဘိုးဘိုးအောင်သည် သာသနာပြုမင်းများကို ကူညီခြင်း၊ ဘေးအန္တရာယ်အပေါင်းမှ ကင်းလွတ်အောင် ကယ်တင်ခြင်းများကို ပြုလုပ်လေ့ရှိသည်။ ထိုအချိန်မှစ

www.burmeseclassic.com

www.burmeseclassic.com



၍ ပျောက်ကွယ်ခဲ့ပြီးနောက် လူအများသည် တရားပျက်၍ နေကြသောအခါတွင် ဘိုးဘိုးအောင်သည် စိတ်ပျက်လက်ပျက်ဖြင့် ဂူအောင်းနေခဲ့သည်။

သို့ရာတွင် ဘိုးဘိုးအောင်သည် အကျင့်သီလနှင့်ပြည့်စုံ၍ သာသနာတော်ကို စောင့်ရှောက် ချီးမြှင့်သူများကို မကြာခဏ ကူညီလေ့ရှိရုံမက လူသူတော်အသွင်ဖြင့်ကိုယ်ထင် ပြလေ့ရှိသည်၊ ဘိုးဘိုးအောင်အား တွေ့ရှိဖူးသူ အများအပြားပင် ရှိသည်။



# ဘိုးဘိုးအောင်နှင့် ကိုလိုနီခေတ်

ဘိုးဘိုးအောင်ကား သီလသမာဓိ ရှိသူကို စောင့်ရှောက်သည် မင်းတုန်းမင်းကဲ့သို့ သာသနာပြုမည့်သူများကိုသာ အထူးပင် မစလေ့ရှိသည်။

ထို့အတူပင် စကြာမင်းကဲ့သို့ အနာဂတ်သာသနာအတွက် အားထားရမည့် သူများကို ဆိုလျှင်ကားတပါးတည်း ခေါ်ဆောင်သွားတက်သေးသည်။

ယင်းနှင့် ပတ်သက်၍ ကိုလိုနီခေတ် (၁၉၃၆) ခုနှစ် ဧပြီလထုတ် သူရိယ မဂ္ဂဇင်းတွင် စာရေးဆရာကြီးရန်အောင်က သူတို့ဆင်ပေါင်ဝဲမြို့က တကယ့်ဖြစ်ရပ်တစ်ခုကို ရေးသားဖော်ပြခဲ့ဖူးရာ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ပေါင်ဝဲမြို့၌ ကိုဘိုးစိန်နှင့် မငွေအုန်းတို့၏ မွေးကင်းစကလေးကို ဝတ်ဖြူစင်ကြယ်နှင့် လူတစ်ယောက်က ခိုးယူပျောက်ကွယ်သွား၏။ မမွေးမီကလည်း "ငါလာယူမယ်"ဟု အိပ်မက် ပေးထားနှင့်သည်၊ ၁၅နှစ်ကြာလျှင် မိဘများအား ပြည်မြို့အနောက်ဖက် ဖိုးဦးတောင်သို့လိုက်ခဲ့ရန် လူကြုံဖြင့် မှာလိုက်၏။ လိုက်သွားကြသောအခါ တောင်ပေါ်၌ မိမိတို့၏ သားငယ်ကို မင်းညီမင်းသား ဝတ်စုံဖြင့် မြင်းဖြူကြီးစီးနေသည်ကို တွေ့ခဲ့ရသည်ဆို၏။ ဖိုးဦးတောင်ကား ဘိုးဘိုးအောင်၏ နန်း စိုက်ရာတည်း။

ထို့အတူ ယင်း (၁၉၃၆) ခုနှစ် ဩဂုတ်လထုတ် သူရိယမဂ္ဂဇင်း၌လည်း စာရေးဆရာ ဗန္ဓုရသိန်းက ကိုယ်တွေ့တစ်ခုကို ရေးသားတင်ပြထားသေးရာ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဖိုးဦးတောင်ခြေ ရွာသာယာရွာ (ရသယာ)မှ ကိုတင်မရွှေကျင်တို့လည်း မွေးစကလေးများ နှစ်ကြိမ်တိုင်တိုင်ပင် ပျောက်ခဲ့ဘူးသည် ဆို၏။ (၁၂၅၇) ခုနှစ် တစ်ကြိမ် (၁၂၆၀)ပြည့်နှစ် တစ်ကြိမ်၊ ရှေးနည်းအတိုင်း



ပင် မိဘများအား အလွမ်းပြေ ခေါ်ပြသဖြင့် သွားရောက်ကြည့်ရှုရာ စာရေးသူကိုယ်တိုင် လိုက်ပါသွားခဲ့သည်။ သားငယ်နှစ်ဦးစလုံး မြင်းဖြူကြီး စီးပြီးမင်းညီမင်းသားကဲ့သို့ ဆော့ကစားနေသည်ကို တွေ့ခဲ့ရသည်ဟုဆိုပြန်သည်။ ထိုကိစ္စကို အစိုးရကိုယ်တိုင်ကပင် အရေးယူဖူး၏ ။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးဘိုးအောင် ၏ ရုပ်ဆင်းအင်္ဂါ

သို့ဖြစ်ရာ တွေ့မြင်သူများ၏ ပြောပြချက်အရ ဘိုးဘိုးအောင်သည် ယခုအချိန်အထိ အသက်ရာကျော် ရှိခဲ့သော်လည်း အသားအရည် နုပျိုလန်းဆန်းသည်၊ အင်္ဂါရုပ်မှာ လေးနက်တည်ကြည်၍ ပြုံးသယောင် အမြဲဆောင်သည်။ မုတ်ဆိတ် အတန်အသင့်ရှည်၍ ဆံပင်ကို အုပ်ကာ အဝတ်ဖြူပေါင်းထားလေ့ ရှိသည်၊ ဝတ်ဖြူစင်ကြယ်ကိုသာ အမြဲဝတ်၍ ပုခုံးတွင် အဝတ်ဖြူ တဘက်ကို တင်ထားလေ့ရှိ၍ ဆေးတောင်ဝှေးကိုလည်း ဆောင်ထားသည်၊ လက်တဘက်တွင် စိတ်ပုတီးကို ကိုင် ထားသည်၊ ဘိုးဘိုးအောင် ပေါ်လာသည့် အခါ အထက် ဝန်းကျင်တွင် နံ့သာဖြူအနံ့၊ စကားဝါအနံ့များ



သင်းထုံ နေတတ်သည်၊ ထိုမြင်ကွင်းများ ထိုအတွေ့ အကြုံများသည် တွေ့လေရာတိုင်း၌ တထပ်တည်းလိုပင် ဖြစ်နေ လေ့ရှိသည်။

ဘိုးဘိုးအောင်ကို တွေ့မြင်လိုသူများသည် ဘိုးဘိုး ကြီးပွဲကို တည်ထားလေ့ရှိသည်၊ ဘိုးဘိုးအောင်သည် ဓာတ်ခန်းများမလို ကြွလာလိုလျှင် ပူဇော်ပသသော ကန်တော့ပွဲထက်မှာပင် ရုပ်သွင်ထင်ရှားပေါ်လာ တတ်သည်၊ တခါတရံတွင် တွေ့ရှိထိုက်သော သူ့ရှေ့တွင် လူသူတော် အသွင်ဖြင့် ပေါ်လာတတ်သည်၊ သို့ရာတွင် ဝတ်ဖြူစင်ကြယ်နှင့် စိတ်ပုတီးကိုင်ကာ ဦးလှုလိမ်များက ဘိုးဘိုးအောင်အတု အယောင်ဆောင်ကာ လိမ်လည် တတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးဘိုးအောင် အစစ်ဆိုရာတွင်

ဘိုးဘိုးအောင် အစစ်သည် မည်သည့်အခါမျှ အလှူမခံချေ၊ ဘိုးဘိုးအောင်သည် သိဒ္ဓိပြီးမြောက်သူဖြစ်၍ တစ်ကြောင်း လောကီသာယာမှုကို စွန့်ခွာထားသူဖြစ်၍ တစ်ကြောင်း၊ ဘာကိုမျှ အလိုမရှိပေ။ လူတစ်ယောက်သည် သီလမြဲမြံ၍ ကုသိုလ်အား ထုတ်ကာ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်ပါမှ သာ ဘိုးဘိုးအောင်က ကိုယ်ထင်ပြခြင်း၊ လမ်းညွှန်ခြင်း၊



မစခြင်းများပြုလေ့ရှိသည်၊ တရားမဲ့သော မသမာသူများကို ဘိုးဘိုးအောင်က သိသည်၊ တရားကင်းမဲ့သူ၏ ကိုယ်၌ ညစ်နွမ်း မည်းမှောင်နေသော အခိုးများထွက်၍ ညှီနံ့နံသည် ထိုသူယုတ်အင်္ဂါကို ဘိုးဘိုးအောင်သည် ခွဲခြားနိုင်စွမ်း ရှိသည်၊ ထို့ကြောင့် တရားမဲ့သူအနီးသို့ ဘိုးဘိုးအောင်သည် ချဉ်းကပ် လာလေ့မရှိချေ။

ဘိုးဘိုးအောင်သည် လူသတ္တဝါများ ဒုက္ခရောက်မည့်အခါ မျိုးတွင် ပေါ်လာ၍ မည်သို့ကာကွယ်တားဆီးရမည်ကို ပထမပညာဖြင့် ညွှန်ကြားလေ့ရှိသည်၊ စစ်ဘေးစစ်ဒဏ် နီးကပ်သည့် အခါမျိုးတွင် စမ အင်းများသောက်ရန်ကို ဖြစ်စေ၊ ကိုးနဝင်းကိုးထောင်ပြည့် ဘုရားများ တည်ရန်ဖြစ်စေ၊ ဂုဏ်တော်ပုတီးကိုးခါက် အမိဋ္ဌာန်၍ နေ့စဉ် စိတ်ရန်ကို ဖြစ်စေ၊ တရားရှိသောပုဂ္ဂိုလ်များမှ တစ်ဆင့် တစ်နိုင်ငံလုံး နှိုးဆော်၍ လိုက်နာစေသည်။

ထိုသို့ လိုက်နာကာ ဘိုးဘိုးအောင်၏ အကာအကွယ် ခံယူသူများသည် ဘေးဆိုးရန်ဆိုးတို့မှ အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com



လောက်ဖွယ် ကောင်းအောင် လွတ်ကင်းတတ်သည်၊ သူတော်ကောင်းများအား ဘေးအန္တရာယ်ရှိမည့် လမ်းမှ လွတ်အောင် ကြံဖန်၍ တားဆီးပေးတတ်သည်၊ အိပ်မက်ပေး၍. . . လည်း နည်းလမ်းပေးတတ်သည်၊ ဘိုးဘိုးအောင် ကယ်မမှုကြောင့် ဘေးရန်ကင်းလွတ်သူ များ၊ သာသနာပြုရန် အကူအညီ အထောက်အပံ့ ရသူများ များစွာ ရှိသည်။



# ဘိုးဘိုးအောင် ကိုးကွယ်ဆည်းကပ်နည်း

ဘိုးဘိုးအောင်သည် ဆည်းကပ် ကိုးကွယ်လိုသူများသည် ကိုးကွယ်နိုင်သည်၊ မကိုးကွယ်လိုကလည်း အနှောင့်အယှက် အန္တရာယ်မပြု၊ ဘေးသင့်အောင် မလုပ် ကျိန်ဆဲခြင်း ဒဏ်ခတ်ခြင်းမရှိ၊ ယနေ့ကိုးကွယ်ပြီး နက်ဖြန်မကိုးကွယ်ပဲ နေ၍လည်း ရသည်၊ မနေ့က ဆိုးမိုက်ခဲ့ပြီး ယနေ့လူကောင်းဖြစ်လာ၍ ကိုးကွယ်လျှင်လည်း လက်သင့်ခံသည်၊ ကိုးကွယ်လိုသည့်အတွက် မည်သည့် ဂိုဏ်းဆရာကိုမျှ ကိုးကွယ်ဆည်းကပ်ရန်မလို၊ ဆရာကြီးသမားကြီးလုပ်ပြီး ဘိုးဘိုးအောင် ယောင်ပြကာ ခေါင်းပုံ

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ခြင်း၊ ကလိမ်ကျခြင်း၊ ရေစင်ဖိုးတောင်းခြင်းများကို လက်ခံရန်လည်း မလိုချေ၊ မိမိဘာသာ ယုံကြည်ကိုးကွယ် လျှင်ပြီးသည်၊ ဘယ်သူမျှသိစရာလည်း မလိုပေ၊ သူတကာနှင့် ညှိရန်ဆွယ်ရန်လည်း မလိုချေ၊ သူတစ်ပါး ကိုးကွယ်ပုံ ကိုးကွယ်နည်းကို စူးစမ်းလိုက မေးစမ်းနိုင် သည်၊ မိမိက ပြောပြလိုက ပြောပြနိုင်သည်၊ သို့ရာတွင် ဂိုဏ်းသားစုရန် ဂိုဏ်းထောင်ရန်မလို၊ ကိုယ်လုပ်မှ ကိုယ်ရသည်၊ ဂိုဏ်းစု၊ လူစုခြင်းဖြင့် ဘာအကျိုးမျှမရှိ ဘာမျှလည်းလုပ်၍ မရချေ၊ မိမိဆန္ဒအတိုင်း သဒ္ဓါကြည် ညိုစိတ် ဖြစ်ပေါ်လာတတ်သည်။

သူတော်ကောင်းကို ဆည်းကပ်ခြင်းသည် ကောင်း ၏။ သူတော်ကောင်း၏ အကျင့်စရိုက်ကို ယူခြင်း သည်ကောင်း၏။ သူတော်ကောင်းတရားကို အားထုတ် ခြင်းသည် မွန်မြတ်၏။

မည်သူ့ကိုမျှ ထိခိုက်စော်ကား လက်စားချေရန် မဟုတ်၊ မည်သူ့ကိုမျှ နှိပ်စက်ရန် မဟုတ်၊ နိုင်ငံကို ဖျက်ဆီး နှောင့်ယှက်ရန် လည်းမဟုတ်၊ လူအများ



တရားကျင့်ပျက်အောင် ဆိုး၊ ျမ်း အောင်ဒုက္ခ ရောက် အောင်ဂျောက် တွန်းခြင်းလည်း မရှိ၊ သာသနာရေးမှ အပ ဘာကိုမျှ ရွတ်ဆောင်ခြင်း၊ တိုက်တွန်းခြင်း မပြုရ၊ သူတော်ကောင်း တရားကိုသာ အားထုတ်ရ သဖြင့် ဘိုးဘိုးအောင်အား ကိုးကွယ်ခြင်းသည် ဒုစရိုက် မဖြစ်၊ ဘာသာရေးနှင့် မဆန့်ကျင်၊ လူမှုရေးကို မပျက် ပြားစေရုံမကာ ကျင့်ဝတ်ကောင်း များကိုပင် ပြည့်စုံ စေသည်။ ကောင်းသော အလုပ်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိုးဘိုးအောင်ကို ပင့်ဆောင်ခြင်း

ဘိုးဘိုးအောင်ကို ကြည်ညိုသူတို့ ကြည်ညိုမှုပြုနိုင်၏။ မိမိ၏ တရားသဖြင့် လွတ်လပ်စွာ ပြုမူခြင်းကိုသာ ဖြစ်၏ ဘိုးဘိုးအောင်ကိုး ကိုးကွယ်သူမှာ ဘိုးဘိုးအောင်၏ အမအစ ခံယူရန် ဖြစ်သည်။ ထိုအမအစသည်လည်း ပျော်ရန် ပါးရန် မကောင်းမှုများပြုလုပ်ရန် မဟုတ်၊ သာသနာပြုရန် အများကောင်းကျိုးပြုရန်နှင့် ဒါန သီလ ဘာဝနာတို့ဖြင့် ပါရမီရင့်ကာ နောက်ဆုံး နိဗ္ဗာန်နန်းသို့ လှမ်းတက်နိုင်အောင် သူတော်ကောင်းတရားပွားများ ရန်သာဖြစ်သည်။



ဘိုးဘိုးအောင်သည် ဆည်းကပ် တိုင်တည်လိုသူတို့သည်ရှေးဦးစွာ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ရသည်။ သရဏဂုံတည်ပြီးနောက် ငါးပါးသီလခေါ် ကံငါးပါးကို အနည်းဆုံးလုံခြုံအောင် ထိန်းသိမ်းရသည်။ ထို့ပြင် အဓိဋ္ဌာန်ဝတ်တခုခုကို ကျင့်ဆောင်ရသည်။ အဓိဋ္ဌာန်ဆိုသည်မှာ "တခုခုကို လုပ်ပါ့မည်"ဟု မိမိစိတ်တွင် စွဲမြဲစွာ ထိမ်းမှတ်၍ ဝတ်မပျက်ပြုလုပ်ခြင်း ဖြစ်သည်။ အဓိဋ္ဌာန်သည် ပါရမီ ဆယ်ပါးတွင် တပါးပါဝင်၍ စိတ်၏ ထက်သန်မှု တည်ငြိမ်မှု လေးနက်မှု စွဲမြဲမှုတို့ကို ရစေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အဓိဋ္ဌာန် ပုတီး

"ဘိုးဘိုးအောင် ပုတီးစိပ်" ဟူ၍ အသီးအခြား မရှိ၊ သို့ရာတွင် ထွက်ရပ်ပုဂ္ဂိုလ်တို့ ကျင့်ထုံးမှာ တရား့ရှစ်ကွက် စက်လက္ခဏာတော်ကို ရည်၍ ကိုးဆယ့်နှစ်လီ နဝင်းကျ စိပ်လေ့ရှိသော ပုတီးဖြင့် အနည်းဆုံး ကိုးပတ်ရအောင် စိပ်ခြင်းနှင့် မြတ်စွာဘုရားဂုဏ်တော်ကိုးပါးကို အနုလုံပဋိလုံ အစမှအဆုံး၊ အဆုံးမှအစ စိတ်ခြင်းပင်ထူးသည်။ ဂုဏ်တော်ကို လောကီမှု၌ "ဥံ" ခံ၍ ရွတ်သည်။ လောကုတ္တရာမှု၌ "ဥံ" ခံစရာ မလို၊ ယနေ့ မှစ၍ အသက်ထက်ဆုံး ဟူသော "အဇ္ဇတဂ္ဂ ပါဏုပေတံ" ဟူသော စကားများ၊ သံသရာမှ လွတ်စေရန်



"သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ" စသော စကားများခံရန်လည်း မလိုချေ။

သို့ရာတွင် ပုတီးလုံးရေကျအောင် တွန်းချနေရန် မဟုတ်၊ မြတ်စွာဘုရား ဂုဏ်တော်ကို ပါးစပ်မြည်ရုံ စိတ်က မှတ်ရုံ တတွတ်တွတ် မန်းမှုတ်မနေရ၊ ဂုဏ်တော်တစ်ပါးကို ရွတ်လျှင် ထိုဂုဏ်ကို စိတ်၌ထင်မြင် လေးစားညွတ်တွားကြည်ညိုစွာ ပွားများရမည်။ ဥပမာ. . . "အရဟံ" ဂုဏ်တော်ရွတ်၍ သို့မဟုတ် စိတ်ကမှတ်၍ ပုတီးလုံးချသည်နှင့် "လူနတ်တို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားရှင်ပါ တကား" ဟု စိတ်တွင် ကြည်ညိုခြင်း ပီတိ နှလုံးသွင်းရ မည်။

"သမ္မာသမ္ဗုဒ္ဓေါ" ဂုဏ်တော်ရွတ်၍ ပုတီးတလုံးချလျှင် "သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်စွမ်းတော်မူပါပေ၏" ဟူ၍ စိတ်တွင် ကြည်ညိုခြင်း ပီတိ နှလုံးသွင်းရမည်။

ဤအတိုင်းဂုဏ်တော်ကိုးပါး၏ အနက် မှတ်၍ တကာယ်နှစ်နှစ်ခြိုက်ခြိုက် ကြည်ညိုနှလုံးသွင်း၍ စိတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ညစဉ် ညတိုင်း သို့မဟုတ် နံနက်တိုင်း သို့မဟုတ် နံနက်ရော ညပါ ဘုရားဝတ်ပြုပြီးနောက် ပုတီးစိပ်ရသည်။ ပုတီးစိပ်ခြင်းသည် သမာဓိကို ယူခြင်း၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းပင်ဖြစ်သည်။ သမထ လုပ်ငန်းဖြစ်သည်။ စိတ်သန့်စင်သည်။

ထို့နောက် ငါးပါးသီလ ခံယူရသည်။ သို့မဟုတ် အမြဲတစေ ငါးပါးသီလ ဆောက်တည်ပါမည်ဟူ၍ ဖြစ်စေ၊ မိမိကိုယ်တိုင် မနိုင်က တစ်ရက်၊ သုံးရက်၊ ကိုးရက်၊ တစ်လ၊ တစ်နှစ် စသည် မိမိနိုင်သလောက် အမိဋ္ဌာန်ပြု၍ ဖြစ်စေ၊ တခါတည်း သီလခံယူ ထား၍ ရသည်။

BURMESE CLASSIC .com



# တိုင်တည်ခြင်း

သီလ သမာဓိနှင့် ပြည့်စုံပြီးလျှင် မိမိသည် သာသနာတော် ထွန်းကားကြောင်းကို ရွတ်ဆောင်ပါမည်။ သာသနာပြု လုပ်ငန်းများ လုပ်ဆောင်နိုင်အောင် ပထမံ သိဒ္ဓိမြောက် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူး ဘိုးဘိုးအောင်သည် ကျွန်ုပ်အား မစ ပါစေသတည်း၊ နတ်သိကြားဝိဇ္ဇာ အပေါင်းသည် ကျွန်ုပ်အား စောင့်ရှောက်၍ သာသနာပြု လုပ်ငန်းများ အောင်မြင်အောင် မှိုင်းမကြပါစေသတည်း ဟူ၍ တိုင်တည်ရမည်။ ထို့နောက် ဘိုးဘိုးအောင် အတွက် ပွဲတင်လိုက မိရိုးဖလာ ရှိသေသမှု ပြုမြဲအတိုင်း အုန်းသီးတလုံး ငှက်ပျောနှစ်ဖီး၊ ကွမ်းယာ၊ ဖယောင်းတိုင် အမွှေးတိုင်တို့ပါသော ကန်တော့ပွဲ တည်နိုင်သည်။ မိမိ စွမ်းအားသလောက် ကန်တော့ပွဲ လဲနိုင်အောင် လာဘ်လာဘ ကြံဖ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတတ်သည်က များသည်။ ကန်တော့ပွဲကျကို ဘုရားတင်ခြင်းမှ လွဲ၍ စားသုံးနိုင်သည်။

နတ်ပွဲများကဲ့သို့ ဘိုးဘိုးအောင်ပွဲကို လက်ဖက် . . . ထည့်ရန် မလို၊ ဆန်၊ ရေစင်ဖိုး၊ ရှာပန်းထည်ဖြူနီ၊ မုန့်ဖြူ မုန့်နီမလိုချေ၊ ပုဂ္ဂိုလ်တစ်ဦးအနေနှင့် ယုံကြည်သဖြင့် ဘုရားဆွမ်းကပ်ပြီးလျှင် ဆွမ်း၊ ရေ ကပ်နိုင်သည်။ ဆီမီး အမွှေးတိုင် ပူဇော်နိုင်သည်။ မလုပ်လျှင် မဖြစ် လုပ်ရသည် မရှိ၊ သဒ္ဓါတရား အင်အားအလျောက် လုပ် နိုင်သည်။ မလုပ်မိလျှင်လည်း အပြစ်မဖြစ်၊ ကြောက်စရာ မလို။

အရေးကြီးသည်မှာ သီလမပျက် အမိဋ္ဌာန်မပျက် ရန်သာဖြစ်သည်။ အကျင့်သီလ ကောင်းလာလျှင် အတိတ်ထူး နိမိတ်ထူးများကို မြင်လာမည်။ အမွှေးနံ့ရလာမည်။ အာရုံတွင် တွေ့ရမည်။ ကိုယ်တိုင်တွေ့ရမည်။ သိဒ္ဓိထူးများ ရမည် ဖြစ်ပေသတည်း။

သုတေသီ ဆရာဇော်
(စုစည်းတင်ပြသည်)



ကျမ်းကိုးနှင့် ဝန်ခံချက်

၁။ ဦးညိုမြ
(ကုန်းဘောင်ရှာပုံတော်)

၂။ ဦးမောင်မောင်တင်
(ကုန်းဘောင်မဟာ ရာဇဝင်တော်ကြီး)

၃။ ဦးဖေခင် ၏
ဘိုးဘိုးအောင်နှင့် ကျင့်စဉ်

၄။ သုတေသီမြင့်ထွန်း၏
ဘိုးဘိုးအောင် ဆောင်းပါးများ
မနုတ်ဟိဏ်းဇော်

ပထမံဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင် (ဆောင်းပါး/ရောင်ပြန်)တို့မှ မှီငြမ်းကိုကား၍ ပြန်လည် ပြုစုတင်ပြခြင်းဖြစ်ကြောင်း ဦးညိုမြ၊ ဦးမောင်မောင်တင်၊ ဦးဖေခင်နှင့် သုတေသီမြင့်ထွန်း တို့အား ဂါရဝပြု မှတ်တမ်းတင်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com